# စစ်လက်ပါးစေတို့၏ အလံဖြူနှစ်

စစ်တပ်လော်ဘီများ၏ ၂၀၂၄ ခုနှစ် ဝါဒဖြန့်ချိရေး နှစ်ပတ်လည် အစီရင်ခံစာ

The Red Flag

ဒီဇင်ဘာ ၂၀၂၄

## မာတိကာ

နိဒါန်း ........ 3
အခန်း (၁) သတင်းတုသတင်းမှားနှင့် အန္တရာယ်ဖြစ်စေသောအကြောင်းအရာ ........ 7
(က) ရခိုင်လူမျိုးများအားပစ်မှတ်ထားမုန်းတီးရေး ........ 8
(ခ) စစ်မှုထမ်းဥပဒေအား ဝါဒဖြန့် အသက်သွင်းခြင်း ........ 9
(ဂ) ၁၀၂၇ ဒုတိယလှိုင်း ........ 9
(ဃ) အကြမ်းမဖက်လှုထုလှုပ်ရှားမှုနှင့် အရပ်သားများအား ဖမ်းဆီးရေး၊ စစ်ဆေးရေး လှုံ့ဆော်မှု ........ 10
(င) အရပ်သားများအား ပစ်မှတ်ထားသတ်ဖြတ်ရန် လှုံ့ဆော်သည့်အကြောင်းအရာ ........ 12
(စ) ဘာသာရေးအခြေပြု အမုန်းတရားလှုံ့ဆော်မှု ........ 13
အခန်း - ၂ ဝါဒဖြန့်ချိရေးယန္တရားလေ့လာချက် ........ 16
(က) ဘာသာစကားတိုးချဲ့မှု ........ 16
(ခ) မြေပြင်အွန်လိုင်းချိတ်ဆက်မှု ........ 17
(ဂ) အပြန်အလှန်ကြော်ငြာခြင်း ........ 17
(ဃ) အာရုံလွှဲခြင်း ........ 17
(င) ဝါဒဖြန့်ချိရေးစာမျက်နှာများ ........ 18
(စ) ဝါဒဖြန့်သူများနှင့်စစ်တပ်ဆက်ဆံရေး ........ 20
ဆန်းစစ်ချက် ........ 20
အခန်း - ၃ အချက်အလက် ကိန်းဂဏန်းပြရုပ်ပုံများ ........ 22
အခန်း – ၄ နိဂုံး ........ 28
သတင်းတုသတင်းမှားတစ်နှစ်တာကောက်နုတ်ချက်များ ........ 31
နောက်ဆက်တွဲဇယားဖော်ပြမှု ........ 42

# စစ်လက်ပါးစေတို့၏ အလံဖြူနှစ်

စစ်ကောင်စီလော်ဘီများ၏ ၂၀၂၄ ခုနှစ် ဝါဒဖြန့်ချိရေး နှစ်ပတ်လည် အစီရင်ခံစာ

**The Red Flag** ဒီဇင်ဘာ၊ ၂၀၂၄

"အမိန့်အရ လိမ်ရတာဆိုရင် အဲဒါလိမ်တာ မဟုတ်တော့ဘူး"

**Rihab Taha,**
ဇီဝစစ်ပွဲဆိုင်ရာ အီရတ်ပညာရှင်[1]

## နိဒါန်း

The Red Flag အဖွဲ့အနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း အထူးအလေးထားရမည့်ကိစ္စများနှင့် အရေးပေါ်ဖြစ်စဉ်များအတွက် ဖြစ်ရပ်လေ့လာမှု ၉ ခုအထိ ပြုစုရေးသားဖော်ပြခဲ့သည်။ ၂၀၂၄ ခုနှစ်၏ ပထမ လေးလပတ်နှင့် ဒုတိယလေးလပတ်တို့အတွက် အစီရင်ခံစာနှစ်ခုကို ထုတ်ဝေဖြန့်ချိခဲ့ပြီး ဖြစ်ပါသည်။

မြေပြင်တွင် တရားမဝင်အာဏာသိမ်းမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေသည့် စစ်ကောင်စီသည် ၎င်းတို့လုပ်ရပ်များကို ဖုံးကွယ်ရန်၊ ပြည်သူလူထုအား စိတ်ပိုင်းဆိုင်ရာအရ ပိုမိုဖိနှိပ်နိုင်ရန်နှင့် တော်လှန်ရေးအင်အားစုများအား တန်ပြန်နိုင်ရန်အတွက် ၎င်းတို့အား ထောက်ခံသူများ၏ လူမှုမီဒီယာစာမျက်နှာများမှတဆင့် ဝါဒဖြန့်ချိရေးကို စနစ်တကျလှုပ်ရှား ဆောင်ရွက်လျက်ရှိသည်။ ယင်းလှုပ်ရှားမှုများကို The Red Flag အဖွဲ့က မျက်ခြေမပြတ် စောင့်ကြည့်ခဲ့ပြီး '၂၀၂၄ ခုနှစ် နှစ်ပတ်လည် အစီအရင်ခံစာ' အဖြစ် သတင်းတု၊ သတင်းမှားများနှင့် ပြဿနာ ဖြစ်ပွားစေနိုင်သော အကြောင်းအရာများကို လေ့လာဖော်ပြလိုက်ပါသည်။

ယခု အစီရင်ခံစာတွင် အစီရင်ခံစာနည်းနာ၊ ၂၀၂၄ ခုနှစ်အတွင်းပျံ့နှံ့ခဲ့သည့် သတင်းတု သတင်းမှား ကောက်နုတ်ဆန်းစစ်ချက်၊ အန္တရာယ်ရှိသော အကြောင်းအရာများ ကောက်နုတ်ဆန်းစစ်ချက်၊ အကြောင်းအရာ ဖြန့်ချိရေးဗျူဟာလေ့လာချက်၊ ကိန်းဂဏန်းအချက်အလက်ဆိုင်ရာများ၊ စကားဝှက်များ နောက်ကွယ်မှ ဆိုလိုရင်းများကို ဖော်ထုတ်လေ့လာခြင်းစသည့် ကဏ္ဍများ ပါဝင်မည်ဖြစ်ပါသည်။ အချုပ်အားဖြင့် လူမှုမီဒီယာများမှ

[1] https://www.voanews.com/a/a-13-a-2003-01-31-42-1-67286467/268902.html

တဆင့် သတင်းတု၊ သတင်းမှားပျံ့နှံ့ခြင်းကို ထိန်းချုပ်တန်ပြန်နိုင်ရန် နှင့် ၂၀၂၅ ခုနှစ်အတွင်း ဆက်လက် သတိထား စောင့်ကြည့်ရန်လိုအပ်သည့် ဖြစ်စဉ်များကို သုံးသပ် တင်ပြမည် ဖြစ်ပါသည်။

**အစီရင်ခံစာ အနှစ်ချုပ်**

ရှုံးလေလေ၊ အားစိုက်လေဖြစ်သည်။ အရှုံးပတ်လည်ဝိုင်းနေသော စစ်ကောင်စီကို ပြန်အဖတ်ဆည်ရန်၊ သို့တည်းမဟုတ် အရှုံးစစ်ပွဲ အလှည့်အပြောင်းဖြစ်ရန် စစ်လော်ဘီတို့က ကြိုးပမ်းကြသည်။ ကြွက်မနိုင် ကျီမီးရှို့သည့် အနေနှင့် အပြစ်မဲ့ အရပ်သားများကို ပစ်မှတ်ထား ဓားစာခံလုပ်လာသည်။ ၂၀၂၄ တနှစ်ပတ်လုံးသည် စစ်ကောင်စီနှင့် လော်ဘီများ ပြာယာခတ် အလုပ်များသော ကာလဖြစ်ခဲ့သည်။ သတင်းတု၊ သတင်းမှားများကို နည်းလမ်းသစ်ထွင်ထုတ်လွှင့်ခြင်း၊ ငြီးငွေ့စရာကောင်းသော သတင်းတင်ဆက်မှု မှ ခွဲထွက်ကာ Tiktok ကဲ့သို့သော ပလက်ဖောင်းသစ်များသုံး၍ ပရိသတ်ကို ဆွဲဆောင်ခြင်းတို့ လုပ်ဆောင်ခဲ့သည်။

၁၀၂၇ ဒုတိယလှိုင်းစစ်ဆင်ရေး၊ ရခိုင်ပြည်နယ် တစ်ခုလုံးနီးပါး တစတစ သိမ်းပိုက်ခံရမှုကြောင့် လူမှုကွန်ရက် အွန်လိုင်းပေါ်မှ အမုန်းစကား၊ ဝါဒဖြန့်စစ်ဆင်ရေးတို့ မနားမနေ လုပ်ဆောင်ခဲ့ကြသည်။ ရခိုင်လူမျိုးများကို အဓိကပစ်မှတ်ထားသည်၊ ရိုဟင်ဂျာတို့နှင့် သွေးခွဲစစ်ဆင်ရေး ဖော်ဆောင်သည်။ စစ်မှုထမ်းဥပဒေကို အသက်သွင်းသည်။ တပြိုက်တည်းတွင် စစ်မှုထမ်းဥပဒေအရ အတင်းအကြပ် လူဖမ်းစစ်တွင်းပို့ခြင်းသည် တရားဝင်ကြောင်း ပုံဖော်ဝါဒဖြန့်ချိသည်။ ရှမ်းမြောက်ရှိ တိုင်းရင်းသား လက်နက်ကိုင်များကို အကြမ်းဖက်များ အဖြစ်ပုံဖော်ပြီး တရုတ်လူမျိုးများကို ပစ်မှတ်ထား တိုက်ခိုက်သည်။ အသံတိတ်သပိတ်၊ ဒေါ်အောင်ဆန်းစုကြည် မွေးနေ့ တို့တွင် အကြမ်းအဖက်လူထု လှုပ်ရှားမှု မပေါ်လာစေရန် လှုံ့ဆော်သည်။ ယင်းတို့တွင် ပါဝင်သော လူထုကို ဖမ်းဆီးရန်၊ အကြမ်းဖက်ရန် လှုံ့ဆော်သည်။ လှုံ့ဆော်သည့် အတိုင်းဖမ်းဆီးခဲ့သည့် ဖြစ်ရပ်အချို့လည်း ရှိခဲ့သည်။ ပြည်တွင်းနေလူထု အပြင် ထိုင်းရောက် မြန်မာများကိုပါ အကြမ်းဖက်အားပေးများအဖြစ် စတင်ပုံဖော်လာသည်။ အကြောင်းအမျိုးမျိုးကြောင့် ထိုင်းနိုင်ငံသို့ ရောက်လာသော မြန်မာနိုင်ငံသားများ ပိုမိုအကျပ်အတည်း တွေ့စေရန် လုပ်ဆောင်သည်။ အခြားတစ်ဖက်တွင်လည်း စစ်ကောင်စီက ၎င်းတို့ထံမှ ရသမျှ အခွန်ကောက်ရန် လုပ်ဆောင်သည်။

နောက်ထပ် အလေးဂရုပြုရမည့် ကိစ္စမှာ အရပ်သားများကို ပစ်မှတ်ထားသုတ်သင်သည့် အဖွဲ့ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ အနက်ရောင်သွေးသောက် အဖွဲ့ဟူသော အဖွဲ့တခု ပေါ်လာပြီး အရပ်သား အချင်းချင်း သတ်ဖြတ်ဟန် ပုံဖော်ထားကာ သတ်ဖြတ်သည့် ဖြစ်စဉ် ၆ ခုအထိ ရှိခဲ့သည်။ Kyaw Swar Telegram က အရပ်သားများကို NLD ထောက်ခံသူ အရပ်သားများကို သတ်ဖြတ်ရန် လှုံ့ဆော်ပြီးနောက် အချိန်ကိုက် ပေါ်လာသည့် အဖွဲ့တခုလည်း ဖြစ်သည်။ ယင်းအပြင် ဗမာအမျိုးသားကာကွယ်ရေးအဖွဲ့ဟူသော အဖွဲ့တရပ်လည်း ပေါ်ပေါက်လာပြီး အထူးသဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တိုင်းရင်းသားများကို ဦးတည်၍ ခြိမ်းခြောက်မှုများ

လုပ်ဆောင်ခဲ့သည်။ တိုင်းရင်းသားလူမျိုးများက ဗမာများကို ခွဲခြားဖိနှိပ်နေသည်၊ မြန်မာနိုင်တွင် သာသနာကွယ်ရန် လုပ်ဆောင်နေသည်ဟုဆိုကာ လူမျိုး၊ ဘာသာအချင်းချင်း သွေးကွဲစေရန် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်မှုများလည်း ရှိခဲ့သည်။

အခန်း ၂ တွင် ဝါဒဖြန့်ချိရေး ယန္တရားလေ့လာချက်ကို တင်ပြထားပါသည်။ ယင်းတွင် ရှမ်းမြောက်၊ ရခိုင် အရေးအရာတို့တွင် မြန်မာစကားအပြင် တရုတ်၊ ဘင်္ဂလားဘာသာစကားတို့ကို အသုံးပြု၍ သတင်းတု၊ သတင်းမှား ဝါဒဖြန့်ချိမှုများကို တွေ့မြင်နိုင်သည်။ ယင်းအပြင် စစ်လော်ဘီတို့သည် အွန်လိုင်းပေါ်တွင် သာမက မြေပြင် တိုက်ပွဲရှေ့တန်းအထိ ထိုးဖောက်ကာ ဝါဒဖြန့်ချိမှုများ ထိုးဖောက်နေသည်ကို တွေ့နိုင်ပါသည်။ ရှေ့တန်းစစ်သည် တို့ထံ ပို့ဆောင်သော အန္တေးထည်တို့တွင် ဝါဒဖြန့်တယ်လီဂရမ်တို့၏ ဖော်ပြချက်များကို ပုံနှိပ်ပါ တပါတည်း ထည့်သွင်းပေးသည်။ ယင်းအပြင် စစ်မှုထမ်းသစ်တို့ကို ပစ်မှတ်ထားသည့် ချန်နယ်များ သီးသန့်ဖန်တီးကာ စစ်မှုထမ်းသစ်တို့ကို မည်သို့ ကောင်းမွန်စွာ ပြုစုထား လေဟန်၊ စစ်သည်တို့ မည်မျှ ပျော်ရွှင်နေဟန် ဝါဒဖြန့်သည်။ ၂၀၂၄ ခုနှစ်အတွင်း စစ်ကောင်စီ လော်ဘီ အချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှု၊ အချင်းချင်း ကြော်ငြာပေးမှုလည်း မြင့်တက်လာသည်။ အချင်းချင်း ပဋိပက္ခဖြစ်ဟန်ဆောင်၍ လူစိတ်ဝင်စားရန်ပင် လုပ်ဆောင်ခဲ့ကြသေးသည်။

အာရုံလွှဲခြင်းမှာလည်း ၎င်းတို့၏ နည်းနာ တရပ်ဖြစ်သည်။ တော်လှန်ရေးဆိုင်ရာ အကြောင်းအရာများသည် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ယခင်ကဲ့သို့ စိတ်ဝင်စားမှု မရှိတော့ သဖြင့်၊ ‘ပွဲရှာ’ အကြောင်း အရာများက လူထုကို ပိုဆွဲဆောင်နိုင်ကြောင်း ရေးသားဖော်ပြကြသည်။ လူအသုံးများလာသော Tiktok တွင် ပေါ့ပေါ့ပါးပါး ကိစ္စရပ်များ တင်ပြီး ပရိသတ်ကို ဆွဲဆောင်ရန် လုပ်ဆောင်လာသည်။ တော်လှန်ရေးအုပ်စုများ၏ ကျူးလွန်သည်ဟု စွပ်စွဲခံရသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဉာဏ်စမ်း ပဟေဠိ ပြိုင်ပွဲများ၊ ကံစမ်းမဲဖောက်ခြင်းများဖြင့် ပိုမိုမြိုင်ဆိုင်လာစေရန် လုပ်ဆောင်ခဲ့သည်ကို တွေ့ရသည်။

စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ခေါင်းဆောင်မှုအပေါ် စစ်တပ်ထောက်ခံသူများ အကြား ပေါ်ပေါ်တင်တင် မေးခွန်းထုတ်သည့် ဖြစ်စဉ်သည် ၂၀၂၄ ခုနှစ်အတွင်း သတိပြုရမည့် ဖြစ်စဉ် ဖြစ်သည်။ စစ်ခေါင်းဆောင်အပေါ် ဝေဖန်သော ပေါက်ကိုယ်တော်၊ နောင်တော်လေး၊ ကျော်စိုးဦးနှင့် ကျော်မျိုးမင်း တို့ကို ခေတ္တဖမ်းဆီးပြီး ပြန်လွှတ်ပေးခဲ့သည်။ သို့သော် ငါးမင်းဆွေကိုမူ ဆက်လက်ဖမ်းဆီးထားဆဲဖြစ်သည်။

အချုပ်အားဖြင့် ဆိုရသော် ၂၀၂၄ ခုနှစ်သည် စစ်ကောင်စီနှင့် လော်ဘီများ သောကများသည့် ကာလဖြစ်ပြီး ဝါဒဖြန့်ချိရေး နည်းနာသစ်များဖြင့် ကြိုးပမ်းသော်လည်း အချည်းနှီးဖြစ်ခဲ့သည်။ စစ်တိုင်းနှစ်ခု အထိ လက်လွှတ်လိုက်ရပြီး အရှုံးသာ ရင်ဝယ်ပိုက်ခဲ့ရသည့် နှစ်လည်း ဖြစ်ခဲ့သည်။

စစ်လော်ဘီများသည်လည်း ညွှန်ကြားချက် အမိန့်များကြောင့်သာ လိမ်လည် ဝါဒဖြန့်နေရသည်။ လိမ်လေ၊ ပေါ်လေ၊ စစ်ကလည်း ရှုံးလေ ဖြင့် ၂၀၂၄ ခုနှစ်ကို အရှက်တကွဲ နှုတ်ဆက်ရတော့မည် ဖြစ်သည်။ စစ်ကောင်စီနှင့် စစ်ကောင်စီ လော်ဘီ ဝါဒဖြန့်သမားတို့၏ အလံဖြူနှစ်လည်း ဖြစ်ခဲ့သည်။

**အစီရင်ခံစာနည်းနာ**

The Red Flag က ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၁၀ ရက် အထိ စောင့်ကြည့်သိမ်းဆည်းထားသည့် လူမှုကွန်ရက်မီဒီယာများပေါ် ရှိ စာမျက်နှာအရင်းအမြစ် စုစုပေါင်း ၃၁၇ ခု မှ ဖြန့်ဝေထားသော အကြောင်းအရာ ပေါင်း ၃၁၀၄ ခုကို အခြေခံပြီး ဆန်းစစ်လေ့လာထားသည်။ စောင့်ကြည့်ရာတွင် Telegram လူမှုမီဒီယာပေါ် ရှိ အကြောင်းအရာများအား ပထမဦးစားပေး လေ့လာစောင့်ကြည့်ပြီး Tiktok, Youtube နှင့် Facebook လူမှု မီဒီယာများနှင့် Website စာမျက်နှာများအား ဒုတိယဦးစားပေး အနေဖြင့် လေ့လာစောင့်ကြည့်ထားခြင်း ဖြစ်သည်။

ဆန်းစစ်လေ့လာမှုအတွက် အရည်အသွေးအခြေပြုနည်းလမ်းနှင့် အရေအတွက်အခြေပြု နည်းလမ်း နှစ်ခု ကို ရောစပ်အသုံးပြုထားပါသည်။

**အရည်အသွေးအခြေပြုနည်းလမ်း**အနေဖြင့် သိမ်းဆည်းထားသည့် အကြောင်းအရာများတွင် ပါဝင် သော ဆိုလိုရင်းအဓိပ္ပာယ်များကိုဖော်ထုတ်ကာ -

- သတင်းတုသတင်းမှားအခြေအနေများ
- အန္တရာယ် ဖြစ်စေနိုင်သောအခြေအနေများ
- အကြောင်းအရာဖြန့်ချိရေးဗျူဟာ
- စကားဝှက်များအားဖော်ထုတ်ခြင်းတို့ကို ဆန်းစစ်လေ့လာခြင်းဖြစ်သည်။

**အရေအတွက် အခြေပြုနည်းလမ်း**အနေဖြင့် သိမ်းဆည်းထားသည့် အကြောင်းအရာ စုစုပေါင်း ၃၁၀၄ ခုအား

- အန္တရာယ်ဖြစ်နိုင်မှုအခြေအနေ (Risk Level)
- အကြောင်းအရာအမျိုးအစား(Category)
- ဆက်နွှယ်သည့်ကိစ္စ(Issue)
- ပစ်မှတ်ထားခံရသည့်လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ(Target) စသည့် The Red Flag ၏ အချက်အလက် စုဆောင်းမှု စံသတ်မှတ်ချက်အပေါ်မူတည်ကာ အရောင်များ၊ ကိန်းဂဏာန်းများ၊ ရာခိုင်နှုန်းများဖြင့် တွက်ချက်ပြီး အကြိမ်အရေအများဆုံးအသုံးပြု ခံရသည့် စံသတ်မှတ်ချက် များကို ဆန်းစစ်ထားသည်။


# အခန်း (၁) သတင်းတုသတင်းမှားနှင့် အန္တရာယ်ဖြစ်စေသောအကြောင်းအရာ

၂၀၂၄ ခုနှစ်အတွင်း တွေ့ရှိရသော သတင်းတု၊ သတင်းမှားနှင့် အန္တရာယ်ဖြစ်စေသော အကြောင်းအရာများကို ဆန်းစစ်ရာတွင် စစ်ကောင်စီတပ်သားများ စစ်ရှုံးမှုနှင့်လက်နက်ချအညံ့ခံမှုကို ဖုံးကွယ်သည့် အနေဖြင့် တန်ပြန်ဖြန့်ဝေမှုများ အဆက်မပြတ်ဖြန့်ဝေကြောင်းတွေ့ရှိရသည်။ စစ်ရေးအသာရသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ၎င်းတို့ထိန်းချုပ်ရာဒေသများကို ပစ်မှတ်ထားပြီး လူမျိုးရေးဘာသာရေးအရ အမုန်းပွားရန်နှင့် ရာဇဝတ်မှုကျူးလွန်နေသူများ၊ လူမျိုးရေးဘာသာရေး ခွဲခြားသူများ၊ ဗမာများကို ဖိနှိပ်သူများ အဖြစ်ပုံဖော်ခဲ့ကြသည်။ NUG၊ PDF ၊ တော်လှန်ရေးအင်အားစုများနှင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် ထောက်ခံမှု ကျဆင်းစေရန် အတွက်လည်း မဟုတ်မမှန်သော အချက်အလက်များဖြင့် စွပ်စွဲဖန်တီးထားသည့် အကြောင်းအရာများ ဖြန့်ဝေခဲ့ကြသည်။

ထို့ပြင် အန္တရာယ် ဖြစ်ပွားစေရန် လှုံ့ဆော်သည့်ကိစ္စများကိုလည်း အဆိုပါ စာမျက်နှာများက ဖြန့်ဝေလေ့ရှိပါသည်။ ဆန့်ကျင်ဘက်အင်အားစုများကို ပစ်မှတ်ထားပြီး အရပ်သား အချင်းချင်း လက်တုန့်ပြန်သည်ဟု ထင်ရစေရန် သုတ်သင်ရေးအဖွဲ့များဖွဲ့စည်းကာ တယ်လီဂရမ် စာမျက်နှာများမှ တဆင့် ခြိမ်းခြောက်ခြင်း၊ မြေပြင်တွင် အမှန်တကယ် သုတ်သင်ခြင်း ကိစ္စများရှိခဲ့သည်။ လက်လွတ် ဆုံးရှုံးလိုက်ရသော နယ်မြေများကို ပစ်မှတ်ထားပြီး လေကြောင်းတိုက်ခိုက် ရေးလှုံ့ဆော်မှုများကို အွန်လိုင်းမှတဆင့် ပြုလုပ်ပြီး မြေပြင်တွင် အမှန်တကယ် ကြဲခြင်း ရှိမရှိကိုလည်း အချိန်နှင့်တပြေးညီ စောင့်ကြည့်ကာ သတင်းတင်ဆက်သည့်ပုံစံများကို စစ်ကောင်စီထောက်ခံသည့် စာမျက်နှာများက ပြုလုပ်ခဲ့သည်။ ဖမ်းဆီးရေးလှုံ့ဆော်မှုများတွင် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို သာမက စီးပွားရေး လုပ်ငန်းနှင့် လုပ်ငန်းရှင်များကိုပါ ပစ်မှတ်ထားခဲ့သည်။

ယင်းကဲ့သို့ စစ်ကောင်စီဆက်စပ် ဝါဒဖြန့်ချိရေးစာမျက်နှာများက ဝါဒဖြန့်ချိရေးတစ်ခုတည်း မဟုတ်ဘဲ သတင်းတုသတင်းမှားဖြန်ဝေရေးနှင့် အကြောက်တရားဖြန့်ဖြူးရေး၊ အမုန်းတရားပြန့်ပွားရေးကို စနစ်တကျ ဆောင်ရွက်သည့် အခြေအနေများအား ယခုအခန်းတွင် ကောက်နုတ်ဖော်ပြသွားမည် ဖြစ်ပါသည်။ သတင်းတု သတင်းမှားနှင့် အန္တရာယ်ဖြစ်စေသောအကြောင်းအရာများ ကောက်နုတ်ချက်တွင် ထူးခြားထင်ရှားပြီး သတိထား ရမည့် ကိစ္စများကိုသာ ဖော်ပြမည်ဖြစ်ပြီး တစ်နှစ်ပတ်လုံး ပြန့်နှံ့ခဲ့သည့် အကြောင်း အရာအလုံးစုံကို ထည့်သွင်း ဖော်ပြမည်မဟုတ်ပေ။

သတင်းတုသတင်အမှား သံသယဖြစ်ဖွယ် အကြောင်းအရာများနှင့် အန္တရယ်ဖြစ်စေနိုင်သည့် ကိစ္စများ အတွက် နေ့စဉ်၊ အပတ်စဉ်၊ လစဉ် လေ့လာမှုများကို The Red Flag ၏ Website တွင် မှတ်တမ်းတင်ထားပြီး ဖြစ်သည့်အတွက် အသေးစိတ်လေ့လာလိုပါက သွားရောက်ဖတ်ရှုနိုင်ပါသည်။




## (က) ရခိုင်လူမျိုးများအားပစ်မှတ်ထားမုန်းတီးရေး

၂၀၂၄ နှစ်ဦးပိုင်းမှာ ရခိုင်ပြည်နယ်ရှိ မြို့ကြီးများကို အာရက္ခတပ်တော် (AA) က စတင် ခြိမ်းခြောက်ပြီး မြို့သိမ်းတိုက်ပွဲများဆင်နွှဲလာသည့်ကာလဖြစ်သည်။ ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းတွင်ပင် စစ်ရှုံးလာသည့် စစ်ကောင်စီသည် ရခိုင်လူမျိုးများအား အမုန်းတရားပွားစေရန် နှစ်ဦးပိုင်းကတည်းက အွန်လိုင်းပေါ်တွင် အကြောင်းအရာ အမျိုးမျိုးဖြင့် လှုံ့ဆော်ခဲ့သည်။ မြေပြင်တွင်လည်း ရခိုင်လူမျိုးများအား မုန်းတီးရေး စာရွက်များဖြန့်ဝေခဲ့သည်။ ရခိုင်ဒေသကို ပစ်မှတ်ထားပြီး လူမျိုးရေးအမုန်းတရား လှုံ့ဆော်မှုပြုလုပ်ခဲ့သည့် စစ်ကောင်စီ၏ ဝါဒဖြန့်မှု အခြေအနေ လေ့လာချက်ကို The Red Flag က မှတ်တမ်းတင်ပြုစုပြီး ထုတ်ဝေထားပါသည်။ စစ်ရေးနှင့် နယ်မြေစိုးမိုးမှု အများအပြား ဆုံးရှုံးခဲ့သည့် စစ်ကောင်စီသည် အငြင်ပွားဖွယ်ရာကိစ္စများဖြစ်နေသည့် ရခိုင်လူမျိုးနှင့် ရိုဟင်ဂျာ

များအကြား ပဋိပက္ခ ပိုမိုကြီးမားစေရန် မြေပြင်တွင် လုပ်ဆောင်သည်။ ထိုမျှမက အွန်လိုင်း စာမျက်နှာများမှ တဆင့် ဝါဒဖြန့်ချိသည်။ ယင်းတို့ကို အဆိုပါ မှတ်တမ်းများတွင် အသေးစိတ်ဖတ်ရှုလေ့လာနိုင်သည်။

## (ခ) စစ်မှုထမ်းဥပဒေအား ဝါဒဖြန့် အသက်သွင်းခြင်း

တပ်သားပြန်းတီးသေဆုံးမှု များပြားနေသည့် စစ်ကောင်စီသည် လိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် ပြည်သူအချင်းချင်း ပြန်လည်တိုက်ခိုက်စေရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ဖေဖော်ဝါရီလတွင် အသက်သွင်း အကောင်အထည်ဖော်ခဲ့သည်။ အသက်ပြည့်ပြီးသူများအားလုံး စစ်မှုထမ်းရန်ဆောင်ရွက်သင့်ကြောင်း ယခင်နှစ်များကတည်းက စစ်ကောင်စီထောက်ခံသူများ၏ လူမှုမီဒီယာစာမျက်နှာများတွင် တစ်စိုက်မက်မက် လှုံ့ဆော်ခဲ့နှင့်ကြပြီးဖြစ်သည်။ အကျိုးဆက်အဖြစ် စစ်မှုထမ်းအန္တရာယ်မှ ကာကွယ်ရန် လွတ်မြောက်နယ်မြေများနှင့် ပြည်ပသို့ ထွက်ခွာသည့် လူဦးရေမြင့်တက်ခဲ့သည်။ စစ်ကောင်စီဘက်ကလည်း ပြည်ပထွက်ခွာမှုကို ကန့်သတ်ကာ ညှော်စာရင်းစစ်ဆေးမှုနှင့် အတင်းအဓမ္မတပ်သား စုဆောင်းမှုများ ပိုမိုလုပ်ဆောင်ခဲ့သည်။ စစ်ကောင်စီ ထောက်ခံသည့် Telegram စာမျက်နှာများက စစ်မှုထမ်းဥပဒေကို အားပေးခဲ့ပြီး ပေါ်တာဆွဲသည့် ကိစ္စများကိုဖုံးကွယ်ကာ စစ်မှုထမ်းသင်တန်းတွင် သင်တန်းသားများ ပျော်ရွှင်စွာတက်ရောက်နေသည်ဟု ထင်ရစေရန် ဓာတ်ပုံနှင့် ရုပ်သံဖိုင်များကို ဖြန့်ဝေခဲ့သည်။ စစ်ကောင်စီသည်မြေပြင်တွင် အတင်းအကျပ် တပ်သားစုဆောင်းမှုများကို ပြုလုပ်နေကြောင်း သတင်းဌာနများတွင် ဖော်ပြနေသော်လည်း စစ်ကောင်စီ၏ ဝါဒဖြန့်စာမျက်နှာများကမူ PDF များကို ဖမ်းဆီးနေခြင်းသာဖြစ်ပြီး ပေါ်တာဆွဲနေခြင်းမရှိဟု ငြင်းဆိုသည်။ သို့သော် ရပ်ကွက်နှင့် ကျေးရွာအလိုက် သက်ကြီးရွယ်အိုများပါ မချန် ပြည်သူ့စစ်များဖွဲ့စည်းရေးကို ပြည်သူ့လုံခြုံရေး[2]ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အပျော်တမ်းတပ်ခေါင်းစဉ်[3]ဖြင့်လည်းကောင်း ဖွဲ့စည်းရန် အစဉ်တစိုက်လှုံ့ဆော်နေသည် မှာလည်း အဆိုပါ စာမျက်နှာများပင်ဖြစ်သည်။

## (ဂ) ၁၀၂၇ ဒုတိယလှိုင်း

၂၀၂၄ ခုနှစ် ဇွန်လကုန်ပိုင်းတွင် ၁၀၂၇ စစ်ဆင်ရေးဒုတိယလှိုင်းစတင်သည်။ စစ်ကောင်စီဝါဒဖြန့်စာမျက်နှာများသည် စစ်ရှုံးမှုကိုဖုံးကွယ်ပြီး တိုင်းရင်းသားအင်အားစုများအား လူမျိုးရေးဘာသာရေး ခွဲခြားတိုက်ခိုက်ခဲ့ကာ အကြမ်းဖက်သမားများ အဖြစ်ပုံဖော်ခဲ့ကြသည်။ စစ်ကောင်စီတပ် ကျူးလွန်သော ရာဇဝတ်မှုများကို ဖုံးကွယ်ရန် ဆန့်ကျင်ဘက်အင်အားစုများကို အကြမ်းဖက်များအဖြစ်တံဆိပ်ပြီး ရာဇဝတ်မှု ကျူးလွန်သူများသည်

[2] https://archive.ph/wip/c9Qpg
[3] https://archive.ph/0m3bg

လက်နက်ကိုင်တော်လှန်ရေး အင်အားစုများသာ ဖြစ်သည်ဆိုသည့် ဇာတ်ကြောင်းများကို တစိုက်မတ်မတ် ဖန်တီးခဲ့သည်။ လေကြောင်းတိုက်ခိုက်မှု၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများအတွက် အဓိကတရားခံသည် စစ်ကောင်စီတပ်ဖြစ်သည်။ သို့သော် တိုင်းရင်းသားလက်နက်ကိုင်များ၏ ခုခံစစ်ကို ပြည်ပကျူးကျော်စစ်ဖြစ်သည်ဟုခေါင်းစဉ်တပ်ပြီး ဗုံးကြဲသည့်နေရာ ဒေသများအား အရပ်သားမဲ့နေရာများဟု လိမ်လည်ကာ ရာဇဝတ်မှုကို ဖုံးကွယ်ခဲ့သည်။ ယင်းကဲ့သို့ ဖုံးကွယ်သည့် အခြေအနေများအား The Red Flag က လေ့လာပြီး မှတ်တမ်းတင်ပြုစုထားသည်ကို [ဤနေရာတွင်] ဖတ်ရှုနိုင်ပါသည်။

တရုတ်နိုင်ငံက ရှမ်းမြောက်စစ်ပွဲများကိုမျက်ကွယ်ပြုထားသည်။ ထိုမျှမက ထောက်ပင် ထောက်ခံနေသည်ဟု စစ်ကောင်စီက စွပ်စွဲလျက် မြန်မာနိုင်ငံအတွင်း နေထိုင်သည့် တရုတ်လူမျိုးများကို လက်တုန့်ပြန်မည်ဟုအကျပ်ကိုင်ခြိမ်းခြောက်ခဲ့သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်ပြီး လူမျိုးရေး အမုန်းတရား လှုံ့ဆော်မှု သတိပေးချက်အဖြစ် The Red Flag က ပြုစုလေ့လာထားသည်ကို [ဤနေရာ]တွင် ဖတ်ရှုနိုင်ပါသည်။ တရုတ်နိုင်ငံက ၎င်းတို့ နယ်စပ်တွင်စစ်ရေးအခြေအနေ ပြင်းပြင်းထန်ထန်ဖြစ်ပွားနေခြင်းနှင့် တရုတ်နိုင်ငံသားများ ခြိမ်းခြောက်ခံနေရသည့် အခြေအနေကို ထိန်းသိမ်းရန် တိုင်းရင်းသား လက်နက်အဖွဲ့များကို ဖိအားပေးပြီး စစ်ဆင်ရေး ရပ်တန့်စေရန် ဆောင်ရွက်ခဲ့သည်။ ရှမ်းမြောက်တိုက်ပွဲများ အရှိန်လျော့ကျပြီးစစ်ကောင်စီက အသက်ရှူ ချောင်သည့် အချိန်တွင် တရုတ်နိုင်ငံနှင့် ပတ်သက်ပြီး ဖြန့်ဝေသည့် အကြောင်းအရာများသည် လေသံသိသိသာသာ ပြောင်းသွားခဲ့သည်။ တရုတ်အစိုးရက စစ်ကောင်စီဘက်တွင်ရပ်တည်နေပြီး အကူအညီများစွာ ပေးနေကြောင်းနှင့် ရှမ်းမြောက် တိုင်းရင်းသားလက်နက်ကိုင်များကို မထောက်ခံကြောင်း စစ်ကောင်စီ ထိန်းချုပ်မီဒီယာများနှင့် ဝါဒ ဖြန့်ချိရေးစာမျက်နှာများက လက်ရှိ အချိန်အထိ တွင်တွင်ကျယ်ကျယ်ဖြန့်ဝေခဲ့နေကြဆဲ ဖြစ်သည်။။

## (ဃ) အကြမ်းမဖက်လူထုလှုပ်ရှားမှုနှင့် အရပ်သားများအား ဖမ်းဆီးရေး၊ စစ်ဆေးရေး လှုံ့ဆော်မှု

စစ်ကောင်စီတပ် ဝါဒဖြန့်ချန်နယ်များက ဆိုရှယ်မီဒီယာများတွင် ၂၀၂၄ နှစ်ဦးပိုင်းကတည်းက အာဏာသိမ်းခြင်း သုံးနှစ်ပြည့်အထိမ်းအမှတ် အသံတိတ်သပိတ်နှင့် ပတ်သက်၍ စောင့်ကြည့်နေသည်ဟု ကြိုတင်ခြိမ်းခြောက်ခဲ့ပြီး ထိုသပိတ်ဝင်ပါဝင်ပါက ၎င်းတို့ ထံတိုင်ကြား နိုင်ကြောင်းသည်ဟု ဆိုခဲ့သည်။ အသံတိတ်သပိတ်တွင် ပါဝင်သည်ဆိုသည့် သံသယဖြင့်စွပ်စွဲ၍ဖမ်းဆီးရန် ခြိမ်းခြောက်လှုံ့ဆော်သဖြင့် ကြေညာခံရသူ ပြည်သူများသည် သပိတ်တွင် မပါဝင်တော့ကြောင်း ပြန်လည်၍ ကြေညာခဲ့ရသည့်[4] ဖြစ်စဉ်များလည်း ရှိခဲ့သည်။

[4] https://archive.md/TvFnf, https://archive.md/xi24k, https://archive.md/KoFSg, https://archive.md/MtZTE

THE RED FLAG

ထို့ပြင် မဟာအောင်မြေမြို့နယ်၊ ၄၁ လမ်း ၈၇ လမ်းရှိ မဟာအောင်မြေ ကျောက်မျက်ရောင်းဝယ်ရေးစခန်း (ခေါ်) ကျောက်ဝိုင်းမှ ဆိုင်ရှင်များကိုလည်း အသံတိတ်သပိတ်တွင်ပါဝင်ပြီး ဆိုင်ပိတ်သည့်အတွက် ဟုဆိုကာ Telegram စာမျက်နှာများတွင် တိုင်ကြားလှုံ့ဆော်ခဲ့ပြီး[5] မြေပြင်တွင်လည်း ဒဏ်ရိုက်ခြင်း၊ ဆိုင် ၆ လ ပိတ်သိမ်းခြင်းတို့ဖြင့် အရေးယူ ခဲ့သည်။[6]

ထို့ပြင်ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ အထိမ်းအမှတ်အဖြစ် တော်လှန်ရေးအင်အားစုများက ပြုလုပ်သည့် ပန်းသပိတ်တွင်ပါဝင်ပါက ထောင်ချမည် [7] ဟု ခြိမ်းခြောက်ခဲ့ပြီး အထက်တွင်ဖော်ပြခဲ့သည့် အတိုင်း ပါဝင်သူများအား သိက္ခာချပြီး ဖမ်းဆီးခဲ့သည်။ စစ်အာဏာသိမ်းမှု ၃ နှစ်ကျော်ကာလအတွင်း လူမှုကွန်ရက် စာမျက်နှာပေါ်တွင် စစ်ကောင်စီကို ဆန့်ကျင်ဝေဖန်ပြီး လူထုလှုပ်ရှားမှုများနှင့် တော်လှန်ရေး အဖွဲ့အစည်းများကို ထောက်ခံအားပေးသည့် ရေးသားမှု၊ ပြောဆိုဆက်သွယ်မှုတို့ကြောင့် ဖမ်းဆီးခံ ရသူ ၁၈၄၀ ဦး ရှိခဲ့ကြောင်း Data For Myanmar အဖွဲ့က ဒီဇင်ဘာ ၃ ရက်တွင် ထုတ်ပြန် ထားသည်။[8]

တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ် (FDB) တွင် ဝန်ထမ်းအဖြစ်ဆောင်ရွက်နေသည့် စစ်သားဇနီးအား အခြားဝန်ထမ်းများက လူမှုရေးပြစ်ဒဏ်ချမှတ်သည့်အတွက် နုတ်ထွက်စာပါတင်လိုက်ရသည်ဟု ဆိုကာ အရေးယူမှုပြုလုပ်ရန်[9] စစ်ကောင်စီအတွက်ဝါဒဖြန့်ပေးနေသည့် လူမှုမီဒီယာစာမျက်နှာများမှ တဆင့် တိုင်ကြားသည့်ဖြစ်စဉ်တခုလည်း ရှိခဲ့သည်။ တိုင်ကြားချက်တွင် ဖြစ်စဉ်အကျဉ်းချုပ်နှင့် ဘဏ်ဝန်ထမ်းများအကြား ပြောဆိုထားသည့် Group Chat screenshot များပါ ပူးတွဲ ဖြန့်ဝေပြီး စစ်ကောင်စီ နှင့် ပတ်သက်၍ ဝေဖန်ဒဏ်ခတ်မှုများ ပြုလုပ်ပါက အန္တရာယ်ရှိမည်ဆိုသည်ကို သွယ်ဝိုက်ခြိမ်းခြောက်ခဲ့သည်။ ထိုဖြစ်စဉ်နှင့်ပတ်သက်ပြီး FDB ဘက်က အချက်ခုနစ်ချက်ပါ အသိပေးရှင်းလင်းချက်ကို ထုတ်ပြန်ခဲ့ရပြီး ဝန်ထမ်း ၆ ဦးက လုပ်ငန်းနှင့်မသက်ဆိုင်သည့် ပြင်ပကိုယ်ရေးကိုယ်တာ Group Chat တွင်ပြောဆိုခဲ့ခြင်းသာဖြစ်ပြီး ဘဏ်ဘက်ကခွဲခြားဆက်ဆံမှုမရှိကြောင်း တုန့်ပြန်ခဲ့ရသည်။ စစ်ကောင်စီ ထောက်ခံဝါဒဖြန့်စာမျက်နှာများတွင် FDB ဘဏ်သည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကို အားပေးအားမြှောက်ပြုခဲ့ဖူးသည့်အတွက် NUG ပတ်သက်မှုရှိနေနိုင်ကြောင်း[10] ဖြန့်ဝေခဲ့သည်။ ထိုသို့ဖြန့်ဝေပြီး ရက်ပိုင်းအကြာ Eleven Media Group ၏ သတင်းဖော်ပြမှုတွင်လည်း အဆိုပါဘဏ်လုပ်ငန်း ပိုင်ဆိုင်သူသည် ဒေါ်အောင်ဆန်းစုကြည်ပုံတူကြေးရုပ်ကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရန်ပုံငွေပွဲတွင် ဈေးအများဆုံး လေလံ

[5] https://archive.ph/wip/Q9fNi
[6] https://myanmar-now.org/mm/news/48878/
[7] https://archive.ph/hf2Vi
[8] https://drive.google.com/file/d/1gVpaQtMpKDFC5vQIAe_sTXjxORIHjhH6/view
[9] https://archive.ph/uO1D7, https://archive.ph/eH78D, https://archive.ph/4iUc7, https://archive.ph/6oeev, https://archive.ph/w4dEy
[10] https://archive.ph/wip/d58Dh

ဆွဲပြီးဝယ်ဖူးသူဆိုသည့်အချက်ကိုပါ ထည့်သွင်းရေးသားဖော်ပြခဲ့သည်။ နောက်ဆက်တွဲအခြေအနေများနှင့် ပတ်သက်ပြီး ရေးသားဖော်ပြမှုများမရှိတော့သည့်အတွက် မသိရှိသေးပေ။

နိုဝင်ဘာလတွင် စစ်ကောင်စီအတွက်ဝါဒဖြန့်ပေးနေသည့် Telegram စာမျက်နှာတခုက ရန်ကုန်တိုင်း ရွှေပြည်သာမြို့တွင် အခြေခံပညာအထက်တန်းတက်ရောက်နေသည့် ကျောင်းသားတဦးကို Tiktok ပေါ်ရှိ ရုပ်သံဖိုင်တခုကြောင့် ဖမ်းဆီးရန်လှုံ့ဆော်ခဲ့ပြီး လှုံ့ဆော်ပြီး နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့သည်ဟု ဖော်ပြခဲ့ သည်။[11] ထို့ပြင် စစ်ကောင်စီကို ဆန့်ကျင်သူများအား အသက်အရွယ် အပိုင်းအခြား မရွေးဖမ်းဆီးမည်ဟု အဓိပ္ပါယ်ရသည့် ခြိမ်းခြောက်ရေးသားမှုများလည်း ထည့်သွင်း ဖြန့်ဝေခဲ့သည်။

၂၀၂၄ ခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ရောက်ရှိနေသာမြန်မာနိုင်ငံသားများကို ပစ်မှတ်ထားပြီး ခြိမ်းခြောက် သည့် အကြောင်းအရာများ သိသာစွာ မြင့်တက်ခဲ့သည်။ တော်လှန်ရေးအင်အားစုများ၊ ထောက်ပို့များ၊ CDM များနှင့် NUG/PDF တို့နှင့်ပတ်သက်သူများသည် ထိုင်းနိုင်ငံတွင် တရားမဝင် နေထိုင်ပြီး မြန်မာပြည်က အကြမ်းဖက် လုပ်ငန်းစဉ်များကို ပံ့ပိုးပေးနေသည်ဟု မကြာခဏ ပုံဖော်ကြသည်။

တိုက်ဆိုင်စွာပင် ထိုင်းဘုရင်စနစ်ကိုထောက်ခံသည့် ထိုင်းမျိုးချစ်မဟာမိတ်အဖွဲ့တချို့က ဦးဆောင်ပြီး စက်တင်ဘာလက ဘန်ကောက်မြို့မြန်မာသံရုံးရှေ့တွင် တရားမဝင်ရွှေ့ပြောင်းမြန်မာများ ထိုင်းနိုင်ငံတွင်း လုပ်ဆောင်မှုများနှင့် အခွင့်အရေးများကို စိစစ်ကန့်သတ်ရန် တောင်းဆိုသည်။ ထိုင်းနိုင်ငံ တောင်ပိုင်းတွင်လည်း အောက်တိုဘာလအတွင်း စာသင်ဝိုင်းဖွင့်လှစ်ပြီး မြန်မာအလုပ်သမားများ၏ ကလေးငယ်များကို စာသင်ကြား ပေးသည့် CDM ဆရာမတဦး အရေးယူခံခဲ့ရပြီး ထိုင်းရောက် CDM များကို တိုင်ကြားရန် ရဲစခန်းများတွင် နှိုးဆော်ထားသည်[12] ဟု စစ်ကောင်စီဝါဒဖြန့် စာမျက်နှာများက ဖော်ပြကြသည်။ ယင်းမှာ ထိုင်းရောက် တော်လှန်ရေးအင်အားစုများအတွက် လုံခြုံရေး သတိပြုစရာ ဖြစ်ခဲ့ပြီး အဘက်ဘက်မှ စိန်ခေါ်မှု ပိုလာခဲ့သည်။

## (c) အရုပ်သားများအား ပစ်မှတ်ထားသတ်ဖြတ်ရန် လှုံ့ဆော်သည့်အကြောင်းအရာ

စစ်တပ်ကျောထောက်နောက်ခံ သုတ်သင်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် သွေးသောက်အဖွဲ့၏ Telegram စာမျက်နှာကို ပူးတွဲထိန်းချုပ်ခဲ့ဖူးသော Kyaw Swar Telegram စာမျက်နှာသည် NLD ပါတီ ထောက်ခံသူများကို တအိမ်တက်ဆင်း သုတ်သင်ရန်လှုံ့ဆော်[13]ခဲ့သည်။ ယင်းလှုံ့ဆော်မှု နောက်ဆက်တွဲ အနေဖြင့် မတ်လတွင် အနက်ရောင်သေမင်းတမန်အဖွဲ့[14] အမည်ဖြင့် သုတ်သင်ရေးအဖွဲ့ပေါ်ထွက်လာပြီး သုတ်သင်သည့်ဖြစ်စဉ်များ

[11] https://archive.ph/wip/j2C3J
[12] https://archive.md/7Liz9
[13] https://archive.ph/qUe99, https://archive.ph/xBUlg
[14] https://archive.ph/m5hVI, https://archive.ph/JTmnl

လည်း မြေပြင်တွင် ရှေ့ဆင့်နောက်ဆင့် ပေါ်ပေါက်ခဲ့သည်။ ငါးလအတွင်း အနက်ရောင် သေမင်းတမန်အဖွဲ့၏ သုတ်သင်မှုဖြစ်စဉ် ၆ ခု အထိရှိခဲ့ပြီး စစ်ကောင်စီထောက်ခံသည့် ဝါဒဖြန့် Telegram စာမျက်နှာများက ဓာတ်ပုံနှင့် တကွပြန်လည်ဖြန့်ဝေခဲ့ကြသည်။ ဆက်လက်၍လည်း အာဏာရှင်ဆန့်ကျင်သူများကိုပစ်မှတ်ထားပြီး သတ်ဖြတ်မှုများ ကျူးလွန်နိုင်သည့်အတွက် သတိမူသင့်သည့်ကိစ္စရပ်ဖြစ်ပါသည်။

ရှမ်းမြောက်စစ်ပွဲ အထိနာသည့်အချိန်တွင်လည်း လူမျိုးရေးခေါင်းစဉ်တပ်ပြီး တစ်နိုင်ငံလုံးရှိ ကိုးကန့် လူမျိုးများကို ပစ်မှတ်ထားခြိမ်းခြောက်သည့် အရေးအသားများဖြန့်ဝေခဲ့သည်။ ကိုးကန့် ဘုံကျောင်း၊ ယူနန်ဘုံ ကျောင်း အပါအဝင် အခြားသော တရုတ်ဘုံကျောင်းများ အနေဖြင့် လောက်ကိုင်မြို့နယ်၌ စေတီတော်များကို MNDAA စစ်သွေးကြွများမှ ဖျက်ဆီးမှု နှင့် ပတ်သက်ပြီး ၎င်းတို့ သဘောထားမည်သို့ရှိကြောင်း သိရှိရန် စာတိုက်မှ စာထည့်ပြီး မေးမြန်းသွားမည်[15] ဟု မီဒီယာအမည်ခံ People Media Telegram စာမျက်နှာက သွယ်ဝိုက်၍ ခြိမ်းခြောက်ခဲ့သည်။ လောက်ကိုင်ကို ဂါဇာကဲ့သို့ ပြာချရန်[16]လှုံ့ဆော်ပြီး မြန်မာမြေထဲမှ တရုတ်၊ ကိုးကန့်၊ ဝ၊ ပလောင်လုပ်ငန်းရှင်များနှင့်နှင့် ၎င်းတို့ ကိုးကွယ်ရာများကို တန်ပြန်ရှင်းထုတ်ခြင်းခံရပါက အပြစ်မတင်စေလို ကြောင်း ခြိမ်းခြောက်စာများ[17] လည်းဖြန့်ဝေခဲ့သည်။ ကိုးကန့်လူမျိုးများအား လက်တုန့်ပြန်မည့်လှုံ့ဆော်မှုများ[18] မြန်မာပြည်အနှံ့ ပြင်းပြင်းထန်ထန်ပြုလုပ်ခဲ့ပြီး ဗမာ့အမျိုးသားကာကွယ်ရေးအဖွဲ့[19] အမည်ဖြင့် ကိုးကန့်လူမျိုးများ အား ခြိမ်းခြောက်သတိပေးသည့် ကြေညာချက်ထွက်ပေါ်ခဲ့သည်။

## (စ) ဘာသာရေးအခြေပြု အမုန်းတရားလှုံ့ဆော်မှု

အစ္စလာမ်ဘာသာဝင်များကို အာရက္ခတပ်တော်(AA)က မကြာခဏဖိနှိပ်စော်ကားနေသည်ဟုလည်း စစ်ကောင်စီဝါဒဖြန့်ချိရေးအတွက် လုပ်ဆောင်ပေးနေသည့် ရခိုင်ပြည်ပစ်မှတ်ထားစာမျက်နှာများမှတဆင့် တနှစ်ပတ်လုံးဖြန့်ဝေခဲ့သည်။ လူမျိုးရေးဘာသာရေးအမုန်းတရားလှုံ့ဆော်မှုအတွက် အမျိုးသားရေး အစွန်း ရောက်လှုပ်ရှားသူများအစုအဖွဲ့က စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပြီး တိုင်းရင်းသားလူမျိုးများနှင့် အခြားဘာသာဝင် များက ဗမာများကိုခွဲခြားဖိနှိပ်နေသည်ဆိုသည့်ကိစ္စများကို နောင်တော်လေးနှင့် ပေါက်ကိုယ်တော်တို့ ဦးဆောင် ကာ မကြာခဏ ဖြန့်ဝေပြီး သွေးထိုးလှုံ့ဆော်ခဲ့သည်။ ဖြစ်စဉ်များတွင် ပါဝင်သည့် လူပုဂ္ဂိုလ်များသည် မည်သည့် ဘာသာကိုးကွယ်သူဖြစ်သည်၊ မည်သည့် လူမျိုးဖြစ်သည်ဟု ရည်ရွယ်ချက်ရှိရှိ ရည်ညွှန်းပြောဆို ဖော်ပြလေ့ရှိ

15 https://archive.ph/YHayL
16 https://archive.ph/s5bem, https://archive.ph/FW1Pn, https://archive.ph/TFSe7
17 https://archive.ph/jcscg
18 https://archive.ph/tF4r2, https://archive.ph/JVrK9, https://archive.ph/u1sw5
19 https://archive.ph/lKJ71 , https://archive.ph/pfOhu

သည်။ မြန်မာနိုင်ငံတွင် ဘာသာသနာ ကွယ်ပျောက်စေရန် ပြုလုပ်နေသူများသည် တော်လှန်ရေးအင်အားစုများ ဖြစ်ပြီး စစ်ကောင်စီတပ်က အမျိုးဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်နေသည်ဟု အမျိုးသားရေး အစွန်းရောက်များက ပြောဆိုကြသည်။ အမျိုးသားရေးအစွန်းရောက်အုပ်စုထဲမှ သံဃာတော်များဖြစ်သည့် ၅၅၀ ဆရာတော် ဦးဝါသဝနှင့် ပေါက်ကိုယ်တော်တို့သည် မြန်မာနိုင်ငံအလယ်ပိုင်းရှိ စစ်ကောင်စီတပ်၏ ပျူစောထီးနှင့် ပြည်သူ့စစ်အဖွဲ့များကို ဦးဆောင်နေသူများဖြစ်ပြီး နောင်တော်လေးဦးဆောင်သည့် Myanmar National Post မီဒီယာအယောင်ဆောင် ရုပ်သံဌာနတို့နှင့် ချိတ်ဆက်ကာ စစ်ကောင်စီထောက်ခံရေးအတွက် လည်း ဝါဒဖြန့်ပေး နေကြသည်။ သတင်းတုသတင်းမှားများနှင့် နောက်ဆက်တွဲ အန္တရာယ်များ ကာကွယ်ရေးအတွက် အောက်ပါ အတိုင်း အကြံပြု အပ်ပါသည်။

၂၀၂၄ ခုနှစ်တလျှောက်လုံးတွင် စစ်ကောင်စီသည် နယ်မြေအများစုဆုံးရှုံးသည်သာမက အရေး ကြီးသည့် စစ်တိုင်းဌာနချုပ်နှစ်ခုအား လက်လွှတ်ဆုံးရှုံးထားပြီးဖြစ်သောကြောင့် အရပ်သားများအား ပစ်မှတ်ထားတိုက် ခိုက်မှုများအား ပိုမိုလုပ်ဆောင်လာသည်ကိုတွေ့ရသည်။

စစ်သားအရေအတွက် လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် အတင်းအဓမ္မလူစုဆောင်းခြင်းနှင့် အကြမ်းဖက် စေခိုင်းခြင်းများကိုလည်း ပိုမိုလုပ်ကိုင်လာခြင်းနှင့်အတူ သတင်းအမှောင်ချခြင်း လုပ်ငန်း စဉ်များကို လည်း ၂၀၂၄ ခုနှစ်နှောင်းပိုင်းတွင် ပိုမိုဆောင်ရွက်လျက်ရှိသဖြင့် ဖြစ်သောကြောင့် အရပ်သား များအတွက် ယုံကြည်ရသော သတင်းအချက်လက်ဆိုင်ရာ ရပိုင်ခွင့်သည် ပိုမိုခက်ခဲ လာနိုင်ချေရှိသည်။

၁၀၂၇ စစ်ဆင်ရေး ပထမပိုင်းနှင့် ဒုတိယပိုင်းအပြီးတွင် ထိန်းချုပ်နယ်မြေအများအပြားအား လက်လွှတ် ရသော စစ်ကောင်စီ၏ ဝါဒဖြန့်လုပ်ငန်းစဉ်များသည် နေရာဒေသအပေါ် အချိုးချ လေ့လာကြည့်ပါက ရှမ်းပြည် မြောက်ပိုင်း၊ မန္တလေးတိုင်း၊ ရခိုင်ပြည်နယ် နှင့် ကချင်ပြည်နယ်အား ပိုမို ပစ်မှတ်ထားသည်။ ယင်းဒေသရှိ အရပ်သားများအား ပစ်မှတ်ထားစေခြင်း၊ လေကြောင်းလှုံ့ဆော်ခြင်း၊ အကဲဆတ်လွယ် သော လူမျိုးရေး/ဘာသာ ရေး အားအသုံးပြုကာ ထိုဒေသများ၏ လူထုများအား သွေးကွဲစေသော သတင်းစကားများ၊ သတင်းအတုများ၊ လူမျိုးစုဘာသာစကားများအား အသုံးပြုကာ လူမှုကွန်ရက်များတွင် တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိသော ကြောင့် ယခုဒေသများမှ ပိုမို သတိထား စောင့်ကြည့် ရန်လိုအပ်ပါသည်။

၂၀၂၄ ခုနှစ်၏ အနှစ်ချုပ်လေ့လာမှုများအပေါ်တွင် မူတည်ပြီး ၂၀၂၅ ခုနှစ်ကာလတွင် တော်လှန်ရေး အင်အားစုများ၏ လုပ်ငန်းစဉ်များ၊ အထူးသဖြင့် အုပ်ချုပ်ရေးယန္တရားများ၊ နယ်မြေဆိုင် ရာကိစ္စရပ်များ၊ လုံခြုံရေး ဆိုင်ရာကိစ္စရပ်များနှင့် လူမျိုးရေး/ဘာသာရေးဆိုင်ရာ အကဲဆတ်မှုများသည် စစ်ကောင်စီဝါဒဖြန့်အုပ်စုများ၏

ပစ်မှတ်ခေါင်းစဉ်များဖြစ်နိုင်ပြီး ပြည်သူလူထုအား သတင်းနှင့် ပြန်ကြားရေး လုပ်ငန်းစဉ်များအား အွန်လိုင်းနှင့် မြေပြင်များတွင် ကြိုတင်သတိပေးခြင်းများ ပြုလုပ်သင့် သည်။

စစ်ကောင်စီ၏ ဝါဒဖြန့် လုပ်ငန်းစဉ်များတွင် ဝါဒဖြန့်မှုများသည် စစ်ရေးပစ်မှတ်များအား တော်လှန်ရေး အဖွဲ့များထက် အရပ်သားများကိုသာ ပစ်မှတ်အမျိုးမျိုးထားကာ လှုံ့ဆော်နေသည့်အတွက် အရပ်သားများ ကာကွယ်ခြင်းဆိုင်ရာ လုပ်ငန်းများ (Civilian protection) ဆောင်ရွက်နေသော အစုအဖွဲ့များ၊ နိုင်ငံရေး အင်အားစုများ၊ သပိတ်ကော်မတီများ၊ အရပ်ဖက်အစုအဖွဲ့များအနေဖြင့် Early Warning/alert များ လူထုထံ အချိန်မီ သတင်းအချက်အလက်မျှဝေရန်လိုအပ်သည်။

သတင်းတု/ သတင်းမှားဖြန့်ချိသူများသည် နည်းနာများကို လေ့လာသင်ယူထားကြသူများ ဖြစ်သည်။ ပြည်သူလူထု၏ ဗဟုသုတ၊ နောက်ခံအခြေအနေနှင့် ထိလွယ်ရှလွယ်ခံစားမှုများအား စနစ်တကျ လေ့လာ လုပ်ဆောင်နေကြသောကြောင့် သတင်းတုသတင်းမှားတုံ့ပြန်မှုများတွင် အစုအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရေး သည် ယခုကဲ့သို့သော စစ်ရေးကျယ်ပြန့်ချိန်တွင် လွန်စွာအရေးကြီးသည်။ ရပ်ရွာများတွင် အချင်းချင်း သတင်းအချက်လက်ဆိုင်ရာ ဝေမျှရေးအတွက် လုပ်ငန်းစဉ်များ ထားရှိရန် လည်း လိုအပ်သည်။

အကဲဆတ်လွယ်သော ဘာသာရေး/ လူမျိုးရေးဆိုင်ရာ ဝါဒဖြန့်မှိုင်းတိုက်မှုများသည် စစ်တပ် ခေတ် အဆက်ဆက်တွင် အောင်မြင်ခဲ့သော နည်းနာတခုဖြစ်သည်။ ထို့အပြင် ဘာသာရေး/ လူမျိုးရေး ဆိုင်ရာတွင် တော်လှန်ရေးအဖွဲ့များသည်ပင် နိုင်ငံရေးစစ်ရေး သဘောထားကွဲလွဲမှုများကြောင့် ပြည်သူလူထုအား ဝေဝါးစေ သည့် သတင်းအချက်အလက် သဘောထားများအားလူမှုကွန်ရက်များတွင် ဖော်ပြနေကြသည်ကို ၂၀၂၄ ခုနှစ်တွင် မြင်တွေ့ခဲ့ရသည်။ စစ်ကောင်စီ၏ ဝါဒဖြန့်ယန္တယားများမှ တော်လှန်ရေးအင်အားစုများ၏ မတူညီသော သဘောထားများအား လိုသလိုသုံးစွဲကာ အသုံးချနေခြင်းကြောင့် ၂၀၂၅ ခုနှစ်တွင် နိုင်ငံရေး၊ စစ်ရေး အားကောင်းချိန်များတွင် သတင်းအချက်အလက် ဖြန့်ဝေမှုတွင် သတိထား ဆောင်ရွက်ရန် လိုအပ်ပါသည်။

အရပ်သားများအား ပစ်မှတ်ထားတိုက်ခိုက်ရန် လှုံ့ဆော်သည့် လေကြောင်းတိုက်ခိုက်ခြင်း၊ မြို့ပေါ်ရှိ စစ်တပ်လက်ကိုင်တုတ် လက်နက်ကိုင်၊ ပျူစောထီးများအား မြှောက်ပင့်ပေးခြင်း၊ ကျေးရွာများအား မီးရှို့ ဖျက်ဆီးခြင်းနှင့် ဥပဒေမဲ့သတ်ဖြတ်ခြင်းအား အားပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များလည်း စစ်ရာဇဝင်မှု ကျူးလွန် သည့် စောင့်ကြည့်သူများစာရင်းတွင်ထားရှိပြီး ဖိအားပေးအရေးယူရန်လည်း အထူး လိုအပ်ပါသည်။

သတင်းတု/သတင်းမှား တိုက်ဖျက်ရေး၊ သုတေသနဆောင်ရွက်သူများ၊ စာတမ်းများနှင့် အရေးကြီး တုံ့ပြန်ခြင်းဆိုင်ရာ Early Warning များအား လူထုထံတိုက်ရိုက်ရောက်ရှိစေရန်အတွက် အရပ်ဖက် အင်အားစု များ၊ သပိတ်အင်အားစုများ၊ လူငယ်/အမျိုးသမီးအစုအဖွဲ့များထံသို့ အမြဲအပြတ် အကြောင်း ကြားပေးပို့ရန်နှင့် အရေးပေါ်တုန့်ပြန်မှုဆိုင်ရာများတွင်လည်း သတင်းအချက်အလက် မျှဝေပေးရန် အကြံပြုအပ်ပါသည်။

# အခန်း - ၂ ဝါဒဖြန့်ချိရေးယန္တရားလေ့လာချက်

ယခုအခန်းတွင် စစ်လော်လီ ဝါဒဖြန့်ချိရေး ယန္တရားတွင် မည်သို့သော နည်းနာများ ချဲ့ထွင် အသုံး ပြုလာပုံ၊ ပရိသတ်ကို ပိုမိုဆွဲဆောင်လာရန် ဖျော်ဖြေရေး အသွင်ဆောင်သော စည်းရုံးမှုများ အားစိုက် လုပ်ဆောင်လာပုံကို တင်ပြထားပါသည်။

## (က) ဘာသာစကားတိုးချဲ့မှု

စစ်ကောင်စီဝါဒဖြန့်ချိရေးယန္တရားသည် ၂၀၂၄ ခုနှစ်အတွင်း အရင်နှစ်များနှင့်မတူဘဲ ထူးခြားသည့် ဗျူဟာများ အဆင့်မြှင့်တင်အသုံးပြုခဲ့သည်ကို တွေ့ရသည်။ တရုတ်နိုင်ငံနှင့် နယ်နိမိတ်ခြင်း ထိစပ်နေသည့် ရှမ်းပြည်မြောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် မဟာမိတ်ပူးပေါင်းတပ်များ ကြောင့် မြို့များနှင့် စစ်တိုင်းဌာနချုပ်များ၊ တပ်စခန်းများလက်လွှတ်ဆုံးရှုံးခဲ့သည့် စစ်ကောင်စီသည် တရုတ် ဘာသာစကားဖြင့်ပါ ဝါဒဖြန့်ရန် ကြိုးစားခဲ့သည်။ စစ်ကောင်စီထောက်ခံသူ အများစု စုဝေးသည့် Telegram တွင် တရုတ်၊ မြန်မာ နှစ်ဘာသာဖြင့် ရေးသားဖော်ပြနေသည့် စစ်ကောင်စီ ထောက်ခံအားပေး Telegram စာမျက်နှာ များ ထွက်ပေါ်လာခဲ့သည်[20]။

ထို့ပြင်ရခိုင်ပြည်နယ်ရှိ အစ္စလာမ်ဘာသာဝင်များ၏ ဖိနှိပ်ခံရမှုများကို ကိုယ်စားပြုသည့်အသွင်ယူကာ ဖန်တီးထားသည့် စစ်ကောင်စီဆက်စပ် Voice of Muslim စာမျက်နှာ ထွက်ပေါ်လာပြီး၊ ဘင်္ဂလား ဘာသာ စကားများနှင့်ပါ ရေးသားကာ အကြောင်းအရာ ဖြန့်ဝေမှုများပြုလုပ်ခဲ့သည်[21]။ ၁၀၂၇ စစ်ဆင် ရေး ဒုတိယလှိုင်း အတွင်းတွင်လည်း စစ်ဘေးရှောင်တိုင်းရင်းသားပြည်သူများ၏ အသံကိုထင်ဟပ်သည့်ပုံစံ တိုင်းရင်းသား ဘာသာ စကားများဖြင့် အင်တာဗျူးရုပ်သံဖိုင်များဖြန့်ဝေခဲ့ပြီး တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များကို အလိုမရှိဟု ထိုတိုင်းရင်းသားများပြောဆိုသည်ဟု ထင်ရအောင် ပြုလုပ်ခဲ့သည်။

---

20 https://archive.ph/1hV85 , https://archive.ph/p05ln

21 https://archive.ph/Et1AZ

## (ခ) မြေပြင်အွန်လိုင်းချိတ်ဆက်မှု

မြေပြင်နှင့်အွန်လိုင်းချိတ်ဆက်ပြီး တပ်တွင်းဝါဒဖြန့်မှုအတွက် စစ်ကောင်စီ၏ ရှေ့တန်းရောက်စစ်သားများအား ထောက်ပံ့သည့် အနွေးထည်များထဲတွင် ဝါဒဖြန့် Telegram Channel များရှိ အကြောင်းအရာများကို Screenshot ရိုက်ယူ Print ထုတ်ပြီး ထည့်သွင်းပို့ဆောင်ခြင်း[22]၊ စစ်မှုထမ်း သင်တန်းသားများအား Social Media အသုံးပြုခွင့်ပေးသင့်ကြောင်း[23]၊ သို့မှသာ စစ်မှုထမ်းအကြောင်း ပိုမိုပျံ့နှံ့မည်ဟု အကြံပြုခြင်းများကို စစ်ကောင်စီ တပ်ထောက်ခံသည့် Telegram စာမျက်နှာက ပြုလုပ်ခဲ့သည်။ စစ်မှုထမ်းကိစ္စအတွက် သီးသန့် စာမျက်နှာများ ဖွင့်လှစ်ပြီး[24] စစ်မှုထမ်းဆင့်ခေါ် ခံရသူများ ပျော်ရွှင်နေသည့်ပုံစံ ဖန်တီးရိုက်ကူးထားသည့် Snap ပုံများ ဖြန့်ဝေခြင်း[25]၊ ပြည်သူများက စစ်မှုထမ်းရန် လိုလိုလားလားဆန္ဒပြုသည့်ပုံစံ ဖန်တီးထားသည့် Comment များနှင့် Direct Message Screenshot များဖြန့်ဝေခြင်း[26]တို့ကို ပြုလုပ်ခဲ့သည်။

## (ဂ) အပြန်အလှန်ကြော်ငြာခြင်း

ထို့ပြင် စစ်ကောင်စီတပ်အတွက် ဝါဒဖြန့်ပေးနေသည့် စာမျက်နှာများ ကြားရန်ဖြစ်အငြင်းပွားသောကြောင့် ဆဲဆိုသည့်ပုံစံဖြင့် အချင်းချင်း ကြော်ငြာသည့် အကြောင်းအရာများ ဖန်တီးဖြန့်ဝေခဲ့သေးသည်[27]။ အဆိုပါ စာမျက်နှာများသည် အချင်းချင်း အပြန်အလှန်မျှဝေကြော်ငြာပေးသည့် အလေ့အထကို ပုံမှန်ပြုလုပ်လေ့ရှိသည်။ တစ်ခါတရံ မိမိတို့ စာမျက်နှာ ရပ်နားတော့မည်ဖြစ်သည့်အတွက် ယုံကြည်ရသည့် အခြား စာမျက်နှာများတွင် သတင်းများဖတ်ရှုနိုင်သည်ဟုဆိုကာ စစ်ကောင်စီ တပ်အတွက်ဝါဒဖြန့်ပေးနေသည့် အခြားစာမျက်နှာများကို ထပ်ဆင့် ကြော်ငြာပေးခဲ့သည်။ [28]

## (ဃ) အာရုံလွှဲခြင်း

တော်လှန်ရေးပို့စ်များသည် ပွဲရှာသည့် ပို့စ်များ လောက်အာရုံစိုက်မှု မရတော့ကြောင်း စစ်ကောင်စီထောက်ခံသူများက ဝမ်းမြောက်စွာဖော်ပြခဲ့ကြပြီး Influencer အချင်းချင်းဖြစ်ပွားသည့် အငြင်းပွားမှု ဖြစ်စဉ်

---

22 https://archive.ph/W7TKe
23 https://archive.ph/wip/2sCeV
24 https://archive.ph/wip/bQzla , https://archive.ph/wip/IMwPn
25 https://archive.ph/wip/ppaub
26 https://archive.ph/wip/DvGPI
27 https://archive.ph/wip/plDxZ
28 https://archive.ph/435qq , https://archive.ph/hENdx

ဗွီဒီယို ကြာချိန် ၃ နာရီကို ကြည့်ရှုမှု သုံးသိန်းအထိ ရှိနေသော်လည်း လွန်ခဲ့သည့် တစ်နှစ်ကျော်က ဒေါက်တာဇော်ဝေစိုး၏ ဟောပြောမှုကို ကြည့်ရှုမှု အရေအတွက် တစ်သိန်းကျော်သာရှိခဲ့ဟု နှိုင်းယှဉ် ဖော်ပြကာ[29] တော်လှန်ရေးအကြောင်းအရာများကို ပြည်သူများ စိတ်ပါဝင်စားမှု မရှိတော့သည့်ပုံစံ ပုံဖော်ခဲ့သည်။

ဝါဒဖြန့် သတင်းစကားပိုမိုပျံ့နှံ့စေရန်နှင့် ၎င်းတို့ စာမျက်နှာများ Subscriber အရေအတွက် ပိုမိုတိုးပွား စေရန် ပေါ့ပေါ့ပါးပါး ဝါဒဖြန့်ချိရေး အကြောင်းအရာများဖန်တီးပြီး ပရိသတ်ကို မြူဆွယ်ခြင်း၊ ကိုရီးယားနှင့် တရုတ် ရုပ်သံဇာတ်လမ်းတွဲများ အပိုင်းလိုက်ဖော်ပြခြင်းဖြင့်သော်လည်းကောင်း၊ Tiktok ပေါ်တွင် ဗွီဒီယို ရုပ်သံဖိုင် အတိုအထွာများ ဖန်တီးခြင်းဖြင့်သော်လည်းကောင်း အကြောင်းအရာ ဖြန့်ဝေမှုကို အရှိန်မြှင့်ခဲ့ပြီး Subscriber စုဆောင်းခဲ့သည်။ သီချင်းနှင့်ဂစ်တာလက်ကွက်၊ စာသားများ ကို Tiktok ရုပ်သံဖိုင်အတို[30] ဖန်တီးပြီး Ko Thet Tiktok တွင် ဖြန့်ဝေကာ လူစိတ်ဝင်စားမှုကို ပေါ့ပေါ့ပါးပါးနည်းလမ်းဖြင့် ရှာဖွေခြင်းများလည်း ပြုလုပ်ခဲ့ သေးသည်။ ထို့ပြင် PDF များ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသည့် အပျက်အစီးဖြစ်စဉ်များကို ဉာဏ်စမ်း ပဟေဋ္ဌိပုံစံဖန်တီးပြီး ဖုန်းဘေလ် မဲဖောက်ပေးခြင်း[31]များပြုလုပ်ခဲ့သည်။ ဖြစ်စဉ်များမှာ ၂၀၂၂ ခုနှစ် အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်အဟောင်းများဖြစ်ပြီး PDF များကျူးလွန်ခဲ့သည့် ဖြစ်စဉ်ဟု ပုံဖော်ပြီး နေရာဒေသ၊ တံတားအမည်၊ ထိခိုက်ခဲ့ သည့် လူနာအရေအတွက် စသည်တို့ကို ပဟေဠိအဖြစ်ဖန်တီးကာ အဖြေမှန်သူများကို ဖုန်းဘေ ၂၀၀၀ လွှဲပေးမည် ဟု ဖြန့်ဝေခဲ့သည်[32]။

## (c) ဝါဒဖြန့်ချိရေးစာမျက်နှာများ

၂၀၂၄ ခုနှစ် စစ်ကောင်စီဝါဒဖြန့်ချိရေးယန္တရားတွင် Telegramပလက်ဖောင်းတစ်ခုတည်း မဟုတ်ဘဲ Tiktok၊ Youtube ပလက် ဖောင်းများတွင်ပါ သတင်းတုသတင်းမှား၊ အန္တရာယ်ဖြစ်စေနိုင်သော အကြောင်း အရာများကိုထပ်ဆင့် ဖြန့်ဝေချိတ်ဆက်မှုများပိုမိုများပြား လာသည်။ Telegram ပလက်ဖောင်းတွင်အဓိက ခြေကုပ်ယူပြီးဝါဒဖြန့်ချိသည့် Ko Thet, Kyaw Swar နှင့် Hmine Wai ကဲ့သို့သော စာမျက်နှာများသည် Tiktok နှင့် Youtube ပလက်ဖောင်းများတွင်ပါ အကောင့်များ ဆင့်ပွား ဖန်တီးပြီး အကြောင်းအရာ ဖြန့်ဝေမှုများ ပြုလုပ်ခဲ့ကြသည်။ လူလုံးပြ၍ အကြောင်းအရာ တင်ဆက်ခြင်း ပြုလုပ်လေ့မရှိသည့် Kyaw Swar သည် KS Media ဟု ထူထောင်ပြီး ၎င်းကိုယ်တိုင် သတင်းတင်ဆက်မှု၊ သုံးသပ်မှုများကို ၂၀၂၄ ခုနှစ်အတွင်းတွင် စတင်ပြုလုပ်ခဲ့သည်။

[29] https://archive.ph/euMrM
[30] https://archive.ph/hmWpC
[31] https://archive.ph/wip/eTfXX
[32] https://archive.ph/wip/Mgqj9

စစ်ကောင်စီနှင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ပတ်သက်ဆက်နွှယ်နေသည့် အွန်လိုင်း ဝါဒဖြန့်ချိရေးစာမျက်နှာများသည် ထောင်ဂဏန်းနှင့် ချီပြီးရှိနေသည်။ မည်သို့ပင်ရှိနေစေကာမူ ၎င်းတို့ အချင်းချင်း ချိတ်ဆက်မှုများရှိနေသည်ကို စာမျက်နှာများအား အပြန်အလှန်ကြော်ငြာပေးသည့် အထောက်အထားများ၊ အကြောင်းအရာမျှဝေသည့် အချိန်တူညီနေမှု အထောက်အထားများ၊ စာမျက်နှာကို ကိုင်တွယ်ထိန်းချုပ်သည့် အကောင့်တူညီနေမှုအထောက်အထားများမှ တဆင့် သက်သေပြလျက် ရှိပါသည်။ ၂၀၂၄ ခုနှစ် စစ်ကောင်စီဆက်စပ်ဝါဒဖြန့်ချိရေးအကြောင်းအရာများကို အကောင့်စုစုပေါင်း ၃၁၇ ထံမှ သိမ်းဆည်းခဲ့ရာ Telegram ပလက်ဖောင်းမှ ၁၆၂ ခု၊ Facebook ပလက်ဖောင်းမှ ၈၉ ခု ၊ TikTok ပလက်ဖောင်းမှ ၄၁၊ YouTube ပလက်ဖောင်းမှ ၁၉ ခုနှင့် အခြား ပလက်ဖောင်းများမှ ၆ ခု တို့ကိုလေ့လာနိုင်ခဲ့သည်။

Tiktok နှင့် Youtube ပလက်ဖောင်းပေါ်သို့ ဝါဒဖြန့်ချိရေးအကောင့်များပိုမိုတိုးချဲ့ဖွင့်လှစ်လာပြီး ၎င်းတို့ ကိုယ်တိုင်ကလည်း Facebook မသုံးစွဲရေးနှင့် Tiktok ကို ပိုမိုအသုံးပြုရေးအတွက် ထောက်ခံသူများကို စည်းရုံးသိမ်းသွင်းခဲ့သည်။ ထို့ပြင်မြန်မာနိုင်ငံအတွင်း VPN အသုံးပြုမှုကို စစ်ကောင်စီကကန့်သတ်လိုက်ပြီးနောက် VPN မလိုသည့် လူသုံးများသောပလက်ဖောင်းအဖြစ်ဆက်လက်ကျန်ရှိသည်နေ သည်မှာ Tiktok ပလက်ဖောင်း ဖြစ်သည်။

လူသိများထင်ရှားသည့် Telegram ပလက်ဖောင်းရှိ ဝါဒဖြန့်ချိရေးစာမျက်နှာအမှတ်တံဆိပ်များ ဖြစ်သည့် Kyaw Swar, Banyunt, Ko Thet, Naung Taw Lay, People Media, NP News, Thazin Oo, Kyaw Soe Oo စသည်တို့သည် Tiktok/Youtube ပလက်ဖောင်းများတွင်လည်း အကြောင်းအရာ များကို စဉ်ဆက်မပြတ် ဖြန့်ဝေနိုင်စေရန် ပြုလုပ်နေကြသည်။ Telegram တွင် Subscriber အများ အပြားမရှိသော်လည်း Tiktok နှင့် Youtube ပေါ်တွင် ထောက်ခံသူနှင့် ကြည့်ရှုသူ အများအပြား ရရှိထားသည့် အခြား အမှတ်တံဆိပ်များလည်း ရှိသေးသည်။ ယင်းတို့မှာ Pauk Ko Taw ၊ Ma Pu Tu၊ Zaw Bhone Hein၊ Thusateta၊ Sniper Su၊ Aung Moe Kyaw၊ Ko Maung Maung တို့ဖြစ်ပြီး ၎င်းတို့၏ တင်ဆက်ဖြန့်ဝေမှုများကို စစ်ကောင်စီတပ် ထောက်ခံသည့် စာမျက်နှာများနှင့် အမျိုးသားရေး အစွန်းရောက်အင်အားစုများကြားတွင် ကျယ်ကျယ်ပြန့်ပြန့် ပြန်လည် ဖြန့်ဝေလေ့ရှိကြသည်။

အဆိုပါ အမှတ်တံဆိပ်များနှင့် စာမျက်နှာများအား ခွဲခြမ်းစိတ်ဖြာလေ့လာရာတွင် သြဇာလွှမ်းမိုးသူများ အုပ်စု၊ စစ်ကောင်စီထိန်းချုပ်မီဒီယာများနှင့် နိုင်ငံပိုင်စာမျက်နှာများ၊ မီဒီယာအမည်ခံအုပ်စု၊ ဒေသအစွဲပြု တည်ထောင်ထားသည့်စာမျက်နှာများနှင့် အမျိုးသားရေးအစွန်းရောက်အင်အားစုများဟူ၍ တွေ့ရပြီး ယင်း အစုအဖွဲ့များအကြောင်း The Red Flag နှင့် Beautifiers of Diversity Network တို့ ၂၀၂၃ ခုနှစ်တွင်

ပူးပေါင်းလေ့လာ ရေးသားထားသည့် အွန်လိုင်းအကြမ်းဖက်မှု အစီရင်ခံစာတွင် အသေးစိတ် လေ့လာဖတ်ရှုနိုင်သည်။

## (စ) ဝါဒဖြန့်သူများနှင့်စစ်တပ်ဆက်ဆံရေး

၂၀၂၄ ခုနှစ်အတွင်း ထူးခြားသည့် ဖြစ်စဉ်များအနေဖြင့် Social Media တွင် စစ်ကောင်စီတပ်နှင့် အမျိုးသားရေးအစွန်းရောက်ဝါဒအတွက် ဝါဒဖြန့်ပေးနေသူများကို စစ်တပ်က ပြန်လည်ဖမ်းဆီး စစ်ဆေးခဲ့သည့် ဖြစ်စဉ်များကို တွေ့ရသည်။ နှစ်ဦးပိုင်းတွင် အမျိုးသားရေးအစွန်းရောက်လှုပ်ရှားသူ ပြည်သူ့စစ်ခေါင်းဆောင် ပေါက်ကိုယ်တော်ဦးဆောင်ပြီး စစ်ကောင်စီခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နေရာက နုတ်ထွက်ရန်နှင့် ယင်းရာထူးအား ဒုတိယ ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ အပ်နှင်းရန် ပြင်ဦးလွင်မြို့က တပ်ထောက်ခံပွဲတွင် တောင်းဆိုခဲ့သည်။ ထိုနောက် စစ်တပ်က ပေါက်ကိုယ်တော်ကို နာရီပိုင်းဖမ်းဆီး စစ်ဆေးပြီး ပြန်လွှတ်ပေးခဲ့သည်။ ထို့အတူ နောင်တော်လေး၊ ကျော်စိုးဦး၊ ကျော်မျိုးမင်းတို့ကိုလည်း စစ်ကောင်စီက ၎င်းတို့ကို ပြင်းပြင်းထန်ထန်ဝေဖန်သည့် ကိစ္စရပ်အချို့ကြောင့် ဖမ်းဆီးစစ်ဆေးပြီး ပြန်လွှတ်ခဲ့သည်။ အမျိုးသားရေးအစွန်ရောက်လှုပ်ရှားသူတစ်ဦး ဖြစ်သည့် ငါးမင်းဆွေကိုလည်း နိုင်ငံတော်အကြည်အညို ပျက်စေသည်ဟု စွပ်စွဲဖမ်းဆီးပြီး ထောင်ချထားသည်။ စစ်ကောင်စီ၏ စီမံခန့်ခွဲမှုညံ့ဖျင်းသည်ကို မကျေမနပ်ဖော်ပြလေ့ရှိသည့် အစုအဖွဲ့သည် အမျိုးသားအရေး အစွန်းရောက်လှုပ်ရှားသူများ အစုအဖွဲ့ဖြစ်ပြီး ၎င်းတို့ မကျေနပ်ချက်များအား လူမှုမီဒီယာ စာမျက်နှာများမှ တဆင့် ရံဖန်ရံခါ ဖြန့်ဝေကြသည်။ စစ်ကောင်စီကိုလွတ်လပ်စွာ ဝေဖန်ခွင့်ရှိ သည့်ပုံစံ ၎င်းတို့ထောက်ခံသူများအား ပြသချင်သော်လည်း ဝေဖန်မှုများသည် စစ်ကောင်စီအတွက် အထိနာစရာ ကိစ္စများဖြစ်နေပါက ဖမ်းဆီးခေါ်ယူ သတိပေး မှုများ ကို ခံယူကြရသည် သာဖြစ်သည်။


## ဆန်းစစ်ချက်

စစ်ကောင်စီ၏ဝါဒဖြန့်ချိရေးယန္တရားတွင် ယခင်ရှိရင်းစွဲနည်းဗျူဟာများနှင့် ယခုခေတ်ဒစ်ဂျစ်တယ် နည်းပညာများပါ ထည့်သွင်းပေါင်းစပ်အသုံးပြုနေခြင်းဖြစ်သည်။ ရှေ့တန်းစစ်မြေပြင်သို့ စာပို့ရာတွင် ဝါဒဖြန့် စာမျက်နှာများကိုပါ ပုံနှိပ်ထုတ်ဝေပြီး အွန်လိုင်းနှင့်မြေပြင် ချိတ်ဆက်မှုမပြတ်စေရေး ဆောင်ရွက်နေသည်ကို တွေ့ရသည်။ နိုင်ငံခြားဘာသာစကားနှင့်တိုင်းရင်းသားဘာသာစကားများကိုပါ ပုံမှန် ဝါဒဖြန့်ချိရေး စာမျက်နှာ များတွင် အခါအားလျော်စွာ အသုံးပြုလာကြသည်။ လူမှုမီဒီယာတွင် တော်လှန်ရေးနှင့် မဆက်စပ်သည့်

အကြောင်းအရာများပိုမိုပြန့်ပွားရေးကို လိုလားကြောင်း မကြာခဏ ပြောဆိုကြသော်လည်း ၎င်းတို့စာမျက်နှာများတွင် စစ်တပ်ကောင်းကြောင်း တော်လှန်ရေးအင်အားစုများ မကောင်းကြောင်းနှင့် စစ်ကောင်စီတပ်ကို ဆန့်ကျင်သည့်ပြည်သူများကို ရက်ရက်စက်စက်ဖိနှိပ်ရေး အကြောင်းအရာများဖြန့်ဝေခြင်းအားရပ်တန့်မှုမရှိပေ။ ပလက်ဖောင်းများ တိုးချဲ့လာခြင်းနှင့် ဖုန်းဘေကို မက်လုံး ပေးစွဲဆောင်ကာ ၎င်းစာမျက်နှာများကို Follow ပြုလုပ်ရန်တိုက်တွန်းခြင်းနှင့် ပဟေဠိမေးခွန်းများ အမေးအဖြေပုံစံဖြင့် ဆန့်ကျင်ဘက်အင်အားစုကို သိက္ခာချသည့်ကိစ္စသည် သတိထား လေ့လာစရာ ဖြစ်သည်။ ပလက်ဖောင်းများချဲ့ထွင်ပြီး အကောင့်များဖန်တီးလာသည့် ကိစ္စသည်လည်း စောင့်ကြည့်နေ သည့် သုတေသီများ၊ မီဒီယာများနှင့် လူမှုမီဒီယာကုမ္ပဏီများ အတွက် သတိထား စောင့်ကြည့်စရာ ဖြစ်သည်။

# အခန်း - ၃ အချက်အလက် ကိန်းဂဏန်းပြရုပ်ပုံများ

၂၀၂၄ ခုနှစ် အတွင်း The Red Flag ၏ အချက်အလက်စုဆောင်းမှုတွင် Telegram, Facebook, Tiktok, Youtube ပလက်ဖောင်းများတွင်တွေ့ရသည့် အန္တရာယ်ဖြစ်စေနိုင်သောအကြောင်းအရာ၊ သတင်းအမှား သံသယဖြစ်ဖွယ် အကြောင်းအရာနှင့်၊ ကိုးကားရန် သက်သေအထောက်အထား စသည့် အကြောင်းအရာ စုစုပေါင်း ၃၁၀၄ ခု သိမ်းဆည်းနိုင်ခဲ့ပါသည်။ ယင်းတို့ကို အခြေခံ၍ အန္တရာယ်ဖြစ်နိုင်မှုအခြေအနေ၊ အကြောင်းအရာ အမျိုးအစား (Category)၊ ဆက်နွယ်သည့်ကိစ္စ (Issue)၊ ပစ်မှတ်ထားခံရသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ (Target) ဟူ၍ ကိန်းဂဏန်းဆိုင်ရာ အချက်အလက်ပြဇယားလေးခုကို စိစစ်လေ့လာထားသည်။





ပုံ (၁) အန္တရာယ်ဖြစ်နိုင်သည့် အခြေအနေ (Risk Level) ပြ ကိန်းဂဏန်းဆိုင်ရာရုပ်ပုံ

Risk Level ကို ပြထားသည့် ရုပ်ပုံတွင် အမည်းရောင်အဆင့် (Extreme)၊ အနီရောင်အဆင့် (High)၊ လိမ္မော်ရောင်အဆင့် (Medium)၊ အဝါရောင်အဆင့် (Low) နှင့် အစိမ်းရောင်အဆင့် (None) တို့ပါဝင်သည်။

အကြောင်းအရာများသည် အန္တရယ်ဖြစ်စေနိုင်မှုနှင့်ပတ်သက်ပြီး အနီရောင်အဆင့်နှင့် လိမ္မော်ရောင်အဆင့်တို့တွင် အများဆုံးလွှမ်းမိုးထားသည်။


- အမည်းရောင်အဆင့်တွင် ကိုယ်ထိလက်ရောက်ကျူးလွန်သည့်ဖြစ်စဉ်၊ သုတ်သင်ရန်အတွက် ခြိမ်းခြောက်သည့် ဖြစ်စဉ်များပါဝင်သည်၊
- အနီရောင်အဆင့်တွင် ပြင်ပကမ္ဘာတွင် ဖမ်းဆီးရန်လှုံ့ဆော်ခြင်း၊ လူမျိုးရေး ဘာသာရေး အဓိကရုဏ်းဖြစ်ရန် လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်ခြင်း စသည့် ကိစ္စ ရပ်များပါဝင်သည်။
- အနီရောင်အဆင့်နှင့် အနက်ရောင်အဆင့်အခြေအနေတို့နှင့်ပတ်သက်၍ မိတ်ဖက်များထံသို့ Daily Alerts ထဲတွင် ထည့်သွင်းအကြောင်းကြားပြီး အရေးပေါ် ဖြစ်စဉ် သတိပေးချက်များကို The Red Flag က ပေးပို့ခဲ့သည်။
- လိမ္မော်ရောင်အဆင့်တွင် ပြဿနာ ဖြစ်စေနိုင်သော်လည်း ပြင်ပကမ္ဘာအထိ သက်ရောက်ရန် ရာခိုင်နှုန်း အနည်းအကျဉ်းသာရှိသည့် ကိစ္စရပ်များ၊ ဆက်လက်သတိထား စောင့်ကြည့် ရန် ကိစ္စ များပါဝင်သည်။
- အဝါရောင်နှင့် အစိမ်းရောင်တို့တွင် ပါဝင်သည့် အကြောင်းအရာများသည် ပြင်ပကမ္ဘာအထိ သက်ရောက်မှုတစုံတရာ မရှိသည့်ကိစ္စများဖြစ်ပြီး သုတေသန လုပ်ငန်းစဉ်နှင့် စောင့်ကြည့်ရေး၊ စုံစမ်းဖော်ထုတ်ရေးလုပ်ငန်းစဉ်တို့အတွက် သိမ်းဆည်းထားသည့် အကြောင်းအရာများ ဖြစ်သည်။




ပုံ (၂) အကြောင်းအရာအမျိုးအစား(Category)ပြ ကိန်းဂဏန်းဆိုင်ရာရုပ်ပုံ

The Red Flag က သိမ်းဆည်းခဲ့သည့် အချက်အလက်များတွင် သတင်းအမှား သံသယဖြစ်ဖွယ် အကြောင်းအရာများ (Fact-Check)၊ အန္တရာယ်ရှိသော အကြောင်းအရာများ (Dangerous)နှင့် သုတေသန အတွက် ကိုးကားအသုံးပြုရန် သိမ်းဆည်းသည့် သက်သေအထောက်အထားများ (Intel) စသည့် အမျိုးအစား သုံးခု ပါဝင်သည်။


- သတင်းအမှားအဖြစ်သံသယဖြစ်ဖွယ် အကြောင်းအရာ သိမ်းဆည်းနိုင်မှု ၅၉.၈ ရာခိုင်နှုန်း အထိ ရှိပြီး အချက်အလက်စုဆောင်းမှု၏ ထက်ဝက်ကျော်ကို နေရာယူထားပါသည်။ ထိုသံသယဖြစ်ဖွယ် အကြောင်း အရာများကို အချက်အလက်စစ်ဆေးနိုင်ရန်အတွက် မိတ်ဖက်များထံသို့ နေ့စဉ်၊ အပတ်စဉ် ပေးပို့ခဲ့သည်။
- သတ်ဖြတ်မှု၊ ဖမ်းဆီးမှု၊ လူမျိုးရေးဘာသာရေးမုန်းတီးမှုများအား လှုံ့ဆော်သည့် အကြောင်းအရာ ၂၀ ရာခိုင်နှုန်းသိမ်းဆည်း ထားသည်။ ယင်းတို့ အနက် အချို့အကြောင်းအရာများသည် ပြည်သူများ ထိခိုက်မှု ဖြစ်စေရန် မြေပြင်အထိပါ လုပ်ဆောင်ခဲ့သည်တို့လည်း ရှိသည်။
- သုတေသနအတွက်ကိုးကားအသုံးပြုရန် သိမ်းဆည်း သည့် သက်သေအထောက်အထားများတွင် စုံစမ်း ဖော်ထုတ်ရန် ကိစ္စများ၊ စစ်ကောင်စီတပ်အတွက် ဝါဒဖြန့်သူများအချင်းချင်း အချင်းများသည့် ကိစ္စများ၊ ရေပန်းစားအကြောင်းအရာများနှင့် ဆက်နွယ်ပြီး ပြည်သူကို သို့မဟုတ် တပ်တွင်းကို စည်းရုံးရန် ဖြန့်ဝေသည့် အကြောင်းအရာများပါဝင်သည်။




ပုံ (၃) ဆက်နွယ်သည့်ကိစ္စရပ်များ(Issue)ပြ ကိန်းဂဏန်းဆိုင်ရာရုပ်ပုံ

ဆက်နွယ်သည့်ကိစ္စရပ်များ (Issue) တွင် လူမျိုးဆိုင်ရာလှုံ့ဆော်မှု (Ethnicity/Nationality)၊ တော်လှန်ရေး အင်အားစုများကျူးလွန်သည်ဟု အပြစ်ပုံချခံရသော မှုခင်း (Crime) ဆိုင်ရာကိစ္စများ၊ မြေပြင်တွင် အမှန်တကယ်ဖြစ်ပွားစေရန် လှုံ့ဆော်ခြင်း (Call for action) နှင့် စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေး (Military Operation) စသည်တို့က The Red Flag ၏ အချက်အလက်စုဆောင်းမှုတွင် လွှမ်းမိုးထားပါသည်။

အခြားအရေးကြီးသည့် ဆက်နွယ်ကိစ္စများအနေဖြင့် ဘာသာရေးလှုံ့ဆော်မှု (Religious)၊ ဖမ်းဆီးရန် အွန်လိုင်းမှ အချက်အလက်ရှာဖွေလှုံ့ဆော်ခြင်း (Doxxing)၊ တပ်စွန့်ခွာပြီး ပြည်သူ့ရင်ခွင်ခိုလှုံ့ခြင်း (Defection)၊ စစ်မှုထမ်းဥပဒေ (Military Conscription)၊ သူလျှို (Spy) ကိစ္စ စသည့်တိုကို သိမ်းဆည်း ရရှိထားပါသည်။ General Info သည် သုတေသနလုပ်ငန်းစဉ်အတွက် အသုံးဝင်သည့် အကိုးအကားနှင့် သက်သေ အထောက်အထားများသိမ်းဆည်းထားသည့် Category ဖြစ်ပါသည်။




ပုံ (၄) ပစ်မှတ်ထားခံရသည့်လူပုဂ္ဂိုလ်၊အဖွဲ့အစည်းများ(Target)ပြ ကိန်းဂဏန်းဆိုင်ရာရုပ်ပုံ

စစ်တပ်ဝါဒဖြန့်ချိမှုများ၏ အဓိကပစ်မှတ်ထားခံရသည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများကို လေးလအတွင်း စုဆောင်းထားသည့် The Red Flag ၏ အချက်အလက်များကိုအခြေခံ၍ လေ့လာရာတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (EROs) များကို ဦးတည်တိုက်ခိုက်သည့် အကြောင်း အရာက အများဆုံး

ဖြစ်သည်။ ၎င်းတို့ဖန်တီးထားသည့်အကြောင်းအရာများတွင် EROs များက လူသတ်၊ မုဒိန်းကျင့်၊ မီးရှို့ခြင်း၊ ဗုဒ္ဓဘာသာကို စော်ကားခြင်း၊ တပ်သားသစ်စုဆောင်းခြင်း၊ ဘိန်းဘုရင်များ အဖြစ်ပုံဖော်ခြင်း၊ ဗမာများကို မောင်းထုတ်ခြင်း စသည်ဖြင့် သည်းခြေကြိုက် ထိလွယ် ရှလွယ် ကိစ္စရပ်များ ပါဝင်သည်။ ယင်းတို့ကို အခြေခံ၍ EROs များကို အမုန်းတရားပွားရန်နှင့် နိုင်ငံ တကာ စာမျက်နှာတွင် လူအခွင့်အရေး ချိုးဖောက်နေသည့် အကြမ်းဖက် အဖွဲ့အစည်းများဟု တံဆိပ်ကပ် ခံရစေရန် စစ်တပ်ထောက်ခံသူများက ဖန်တီးနေခြင်းဖြစ်သည်။


ဒုတိယအများဆုံးဦးတည်တိုက်ခိုက်ခံရသည်မှာ သာမန်အရပ်သားပြည်သူများ (Civilian) ဖြစ်ပြီး ဖမ်းဆီးရန် ခြိမ်းခြောက်ခံရခြင်း၊ ဗုံးကြဲရန်လှုံ့ဆော်ခြင်း၊ သတ်ဖြတ်ရန်ခြိမ်းခြောက်ခြင်း၊ စစ်မှုထမ်းရန် လှုံ့ဆော်ခြင်း စသည်အကြောင်းအရာ များဖြန့်ဝေနေသည်။ ထို့ပြင် တပ်စွန့်ခွာ၍ ပြည်သူ့ရင်ခွင် ခိုလှုံသူများ၊ CDM ပြုလုပ်ထားသူများ၊ မီဒီယာများ၊ PDF များ၊ မွတ်စလင်များ၊ ဗုဒ္ဓဘာသာဝင်များ၊ ထောက်ပို့များ၊ နိုင်ငံခြားသားများကို ပစ်မှတ်ထား၍ တိုက်ခိုက်မှု များလည်းပြုလုပ်ထားသည်။

**စကားဝှက်များနောက်ကွယ်မှ အမုန်းတရား ဖြန့်ချိရေး**

လူမှုမီဒီယာများ၏ အရေးယူမှုကို ရှောင်တိမ်းနိုင်ရန်နှင့် ပိုပြီးမှတ်မိလွယ်သည့် အသုံးအနှုန်း ဖြစ်စေရန် အတွက် စစ်ကောင်စီဘက်ယိမ်းသည့် ဝါဒဖြန့်ချိရေး အကောင့်များသည် လူမှုမီဒီယာများ ကန့်သတ် ထားသည့် **စကားလုံးကို ရှောင်ရှား၍ အမုန်းပွားအန္တရာယ် ဖြစ်စေနိုင်သော စကားဝှက်များကိုတီထွင်ပြီး** သုံးစွဲလျက်ရှိနေသည်။ ၂၀၂၄ ခုနှစ် တစ်နှစ်လုံး The Red Flag အဖွဲ့အနေဖြင့် ယင်းစကားဝှက်များကို စောင့်ကြည့်သိမ်းဆည်း အဓိပ္ပာယ်ဖော်ထုတ် လေ့လာထားပါသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာ အထိ ပျံ့နှံ့ခဲ့သည့် စကားဝှက်များအနက် The Red Flag အနေဖြင့် စကားဝှက်အသုံးအနှုန်း (Wording) စုစုပေါင်း ၃၂၄ ခုကို စောင့်ကြည့် သိမ်းဆည်းခဲ့ပါသည်။ ယင်းစကားဝှက်များ၏ နောက်ကွယ်တွင် ကိုယ်ထိလက်ရောက် စစ်ကြောမေးမြန်းရန်လှုံ့ဆော်ခြင်း၊ လူမျိုးတုန်းသတ်ဖြတ်ရန် လှုံ့ဆော်ခြင်း၊ လူမျိုးရေးအမုန်းပွားရန် လှုံ့ဆော်ခြင်း၊ လေကြောင်း တိုက်ခိုက် ရန် နယ်မြေရှင်းလင်းရန် လှုံ့ဆော်ခြင်း အဓိပ္ပါယ်များ ပါဝင်သည်။

## စကားဝှက်များ၏ Risk Level ပြ သရုပ်ဖော်ပုံ




ပုံ (၅) စကားဝှက်များ၏ အန္တရာယ်ယ်ဖြစ်စေနိုင်မှု(Risk Level) ပြ ရုပ်ပုံ

၂၀၁၄ ခုနှစ် အတွင်းစုဆောင်းခဲ့သည့် စကားဝှက်များတွင် အန္တရာယ်ဖြစ်စေနိုင်မှုကို တိုင်းတာသည့် အဆင့် ၆ ဆင့် ခွဲခြားထားသည်။ အနက်ရောင်၊ အနီရောင်၊ လိမ္မော်ရောင်၊ အဝါရောင်၊ အစိမ်းရောင် တို့အတွက် အန္တရာယ် ဖြစ်မှု အခြေအနေ အဓိပ္ပာယ်သတ်မှတ်ချက်သည် အပိုင်း (၃) အချက်အလက် စုဆောင်းမှုဆိုင်ရာကိန်းဂဏန်းပြ ရုပ်ပုံများတွင် ဖော်ပြထားသည့် အကြောင်းအရာများ၏ အန္တရာယ်ဖြစ် စေနိုင်မှု သတ်မှတ်ချက် (Risk Level)နှင့် တူညီပါသည်။ အပြာရောင်သတ်မှတ်ထားသည့် စကားလုံး များသည် အဓိပ္ပာယ်ဖော်ထုတ်၍ မရနိုင်သည့် စကားလုံးများဖြစ်သည်။

စကားဝှက်စုဆောင်းမှုနှင့် အဓိပ္ပာယ်ဖွင့်ဆိုမှုဇယားကို နောက်ဆက်တွဲ စာမျက်နှာတွင် အသေးစိတ် ဖတ်ရှုနိုင်ပါသည်။

# အခန်း – ၄ နိဂုံး

The Red Flag ၏ ၂၀၂၄ တစ်နှစ်တာ စောင့်ကြည့်လေ့လာမှုအရ အဆိုးရွားဆုံး ဖြစ်စဉ်မှာ ဆိုရှယ်မီဒီယာပလက်ဖောင်းများမှ တဆင့် လေကြောင်းဖြင့်ဗုံးကြဲရန် လှုံ့ဆော်ပြီးသည့်နောက် မြေပြင်တွင် အမှန်တကယ် လေကြောင်းတိုက်ခိုက်ခံရခြင်း၊ လေကြောင်းနှင့် ဗုံးကြဲပြီးပါက "အရပ်သားမဲ့ ဧရိယာ၊ စစ်ရေးပစ်မှတ်နေရာ" ဖြစ်ကြောင်း တံဆိပ်ကပ်ကာ လူပေါင်းများစွာ သေကြေစေသည့် စစ်ရာဇဝတ်မှု ကို မြေပြင်နှင့် အွန်လိုင်းချိတ်ဆက်၍ စစ်ကောင်စီတပ်က ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။ အနာဂတ်ကာလများတွင်လည်း လေကြောင်းတိုက်ခိုက်ရေးလှုံ့ဆော်မှုများ အား ပိုမိုသတိပြုစောင့်ကြည့်ပြီး စောလျင်စွာအသိပေးသည့် စနစ်များ တည်ဆောက်ရန်နှင့် စစ်ကောင်စီ၏ လေကြောင်းအခြေပြု ရာဇဝတ်မှုများကို မှတ်တမ်း တင်သိမ်းဆည်းနိုင်ရန် အထူးလိုအပ် နေသည်။

အွန်လိုင်းပေါ်တွင် စောင့်ကြည့်လေ့လာပြီးနောက် မြေပြင်တွင် ဖမ်းဆီး၊ စစ်ဆေးရန် လှုံ့ဆော်မှုများကိုလည်း ယခုနှစ်တွင် ဆက်လက်လုပ်ဆောင်ခဲ့ပြီး စစ်ကောင်စီဝါဒဖြန့် ယန္တရား၏ ခြိမ်းခြောက်၊ အကြောက်တရားသွင်းမှုသည် အောင်မြင်သည်ဟု မှတ်ယူနိုင်ပါသည်။ မြန်မာပြည်တွင်း၌ နေထိုင်သူများသည် နိုင်ငံရေးနှင့် ဆက်စပ်သည့်ကိစ္စများ၊ စစ်ကောင်စီကို ဝေဖန်သည့် အကြောင်းအရာများကို မိမိ၏ လူမှုကွန်ရက်မှတဆင့် ပြောကြားခြင်း၊ မှတ်ချက်ပြုခြင်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်ခြင်း မရှိသည့်အခြေအနေသည် ပိုမိုဆိုးရွားလာသည်။ စစ်ကောင်စီထောက်ခံသည့် စာမျက်နှာများ ကိုယ်တိုင်ကလည်း ၎င်းတို့စောင့်ကြည့်ဖော်ထုတ်သည့်အတွက် တော်လှန်ရေးထောက်ခံသူများသည် အသံတိတ်သပိတ်တွင် ပါဝင်မှု၊ ပန်းသပိတ်တွင်ပါဝင်မှု တို့ကို ပြန်လည်ရုတ်သိမ်းရသည့် ဖြစ်စဉ်များရှိသည်ဟု ထုတ်ဖော်ပြောကြားထားသည်။ အခြေခံပညာ အတန်းတက်ရောက်နေသည့် ကျောင်းသားတဦးကို ပါဖမ်းဆီးပြပြီး စစ်ကောင်စီကိုဆန့်ကျင်ပါက ထိုသို့ကြုံရမည် ဖြစ်ကြောင်း အကြောက်တရားဖြန့်ဝေမှု အကန့်အသတ်မရှိ ပြုလုပ်နေသည်ကို Telegram ပလက်ဖောင်းက လျစ်လျူရှုထားဆဲဖြစ်သည်။

စစ်ကောင်စီထိန်းချုပ် မီဒီယာ(ရုပ်မြင်သံကြား၊ သတင်းစာ၊ ချန်နယ်များ) မှတဆင့် စစ်ရေး၊ နိုင်ငံရေး အကြောင်းအရာများကို တိုက်ရိုက်ဖြန့်ဝေပါက ယုံကြည်မှုနည်းပါးသော်လည်း အများပြည်သူ စိတ်ဝင် စားသည့် အကြောင်းအရာများ ဖန်တီး၍ သတင်းများကို ဖုံးကွယ်အောင် လုပ်ခြင်း၊ အကြမ်းဖက် မှုများကို သတိမမူမိအောင် ပြုလုပ်သည့် စစ်ကောင်စီတပ်၏ ဝါဒဖြန့်နည်းဗျူဟာသည် သတိချပ်စရာ ဖြစ်သည်။ ဘုတလင်၊ စီပါရွာတွင်

စစ်ကောင်စီတပ်က ရက်စက်သည့် လူသတ်မှုကို ကျူးလွန်ပြီး အဆိုပါ အမှုကို တော်လှန်ရေးအင်အားစုများထံ လွှဲချရုံသာမက Miss Grand International 2024 ပြိုင်ပွဲကို ပိုမိုအာရုံစိုက်စေရန် စစ်ကောင်စီ၏ ဝါဒဖြန့် Channel များကပါ အကြောင်းအရာများ ဖြန့်ဝေခဲ့သည်။

နိုင်ငံတကာတွင် AI နည်းပညာအခြေပြု သတင်းတုသတင်းမှားနှင့်ပတ်သက်သည့် ကိစ္စများ ကျယ်ပြန့်စွာ ဆွေးနွေးနေကြသည့် အချိန်တွင် မြန်မာနိုင်ငံ၏ စစ်ကောင်စီဝါဒဖြန့်စာမျက်နှာများတွင် AI နည်းပညာ အသုံးပြု ဖန်တီးထားသည့် အကြောင်းအရာ အနည်းအကျဉ်းစတင်တွေ့ရှိလာရသည်။ လက်ရှိအချိန်တွင် ရိုးရှင်းသည့် စာသား၊ ဓာတ်ပုံ၊ ရုပ်သံဖိုင်များဖြင့် စစ်ကောင်စီ၏ဝါဒဖြန့်စာမျက်နှာများက အကြောင်းအရာဖြန့်ဝေမှုများကို ပြုလုပ်နေသည်ကို တွေ့ရှိရမှု များပြားသော်လည်း လာမည့်ကာလများတွင် နည်းပညာအခြေပြု အန္တရာယ် ဖြစ်စေနိုင်သော အကြောင်းအရာများ၊ သတင်းတုသတင်းမှားများ ဖန်တီးလာမည့် အခြေအနေကို ကာကွယ် တုန့်ပြန်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ် သင့်သည်။

စစ်ရှုံးနေသည့် စစ်ကောင်စီသည် အယောင်ဆောင်ရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်တွင် မရမက ပြုလုပ် မည့် အခြေအနေရှိနေသည်။ မြို့နယ် ၃၃၀ ရှိသည့်အနက် ၁၆၁ မြို့နယ်တွင် ရွေးကောက်ပွဲ ကျင်းပနိုင်ရန် ပြင်ဆင်ထား ကြောင်းနှင့် နိုင်ငံရေးပါတီအချို့ပါ လက်နက်ကိုင်ပြီး လုံခြုံရေးယူရန် စီစဉ်နေကြောင်း သိရသည်။[33] ၂၀၂၀ ရွေးကောက်ပွဲနောက်ဆက်တွဲအခြေအနေများအဖြစ် NLDပါတီ သည် မဲမသမာမှု ပြုလုပ်သည်ဟု စစ်တပ်ဘက် က စွပ်စွဲပြီး အာဏာသိမ်းခဲ့ရာ အစိုးရသက်တမ်းတစ်ခု နီးပါး ကြာမြင့် လာသည့်အချိန်တွင် အာဏာသိမ်း စစ်ကောင်စီက ရွေးကောက်ပွဲကိုထုတ်သုံးပြီး နိုင်ငံရေး ထွက်ပေါက် ရှာရန်ကြိုးပမ်းလာသည်။ လက်ရှိခုခံစစ်များ နိုင်ငံအဝန်းပေါ်ပေါက်နေသည့်အချိန်တွင် စစ်ကောင်စီက ပြုလုပ်မည့် အယောင်ဆောင်ရွေးကောက်ပွဲနှင့် ပတ်သက်၍ ဝါဒဖြန့်ချိမှုများ၊ မြေပြင်တွင် ပြည်သူ့လုံခြုံရေးကို မငဲ့ကွက်ဘဲ ဖိအားပေးမဲပေးစေခိုင်းမှု၊ မဲမသမာမှု၊ သန်းခေါင်စာရင်း၊မဲစာရင်း ကောက်ယူ မှုများကို မျက်ခြေမပြတ်စောင့်ကြည့်တုန့်ပြန်ရန် လိုအပ်ပါသည်။

စစ်ကောင်စီသည် နည်းပညာအခြေပြုပြီး တော်လှန်ရေးအင်အားစုများနှင့် ပြည်သူလူထုကို စနစ်တကျ ဖိနှိပ်နိုင်သော်လည်း မြန်မာနိုင်ငံအတွင်း နည်းပညာအခြေပြု ရာဇဝတ်မှုနှင့် ငွေကြေးလိမ်လည်မှုများအား ကိုင်တွယ်နိုင်ခြင်းမရှိဘဲ စစ်ကောင်စီတပ်ထောက်ခံသူများကိုယ်တိုင်က ထောက်ပြနေရသည့် အခြေအနေရှိ သည်။ နည်းပညာမြင့်မားလာပြီး လုံခြုံရေးအရကိုယ်ရေးအချက် အလက်များကို အတိုင်း အတာတစ်ခုအထိ

[33] https://burma.irrawaddy.com/news/2024/12/14/394589.html

ခြေရာခံမရစေရန် ဖုံးကွယ်အသုံးပြုနိုင်သည့် ပလက်ဖောင်းများ ပေါ်များလာသည့်ကာလတွင် အွန်လိုင်း ရာဇဝတ်ဂိုဏ်းများနှင့်ငွေလိမ်ဂိုဏ်းများ၏ အန္တရာယ်ကိုလည်း စောင့်ကြည့်လေ့လာသင့်ပါသည်။

စစ်ကောင်စီနှင့် လော်ဘီများသည် ၂၀၂၄ ခုနှစ်တွင် သိသာထင်ရှားသော အရှုံးကို ရင်ဝယ်ပိုက်လိုက်ရသော်လည်း ရှေ့ဆက်တိုးရန်မှ တစ်ပါး အခြား ရွေးချယ်စရာ များများစားစား မရှိပါ။ ၂၀၂၅ ကို ရွေးကောက်ပွဲနှစ်ဟုကြွေးကျော်ထားသော စစ်ကောင်စီသည် နိုင်ငံရေး ထွက်ပေါက်ရရှိရေး မရမက လုံးပမ်းလာမည့် သဘောရှိသည်။ ထိုနည်းတူ စစ်ပွဲနှင့် ပဋိပက္ခများ၏ ဘေးထွက် ဆိုးကျိုးကို ပြည်သူလူထုက ပိုခံရလာပြီး ပွဲပမ်းလာသည်ကို အသုံးချကာ ရွေးကောက်ပွဲသည်သာ တိုင်းပြည်အတွက် အကောင်းဆုံးနည်းဖြစ်ကြောင်း ဝါဒဖြန့်လိုမ့်လုံးများ ထပ်ခါ ထပ်ခါ ထုတ်လွှင့်လာမည်ဖြစ်သည်။ ထိုကြောင့် နည်းနာသစ်၊ လှိမ့်လုံး လိမ်လုံးသစ်များကို ကြိုတင်အသိထောက်ပေးခြင်းဖြင့် ပြည်သူလူထု ထံ သတင်းမှန် ရရှိရေး၊ ဝါဒဖြန့်ဘေးမှ ကင်းရေး အလေးထားလုပ်ဆောင်သင့်ပါကြောင်း ယခု အစီရင်ခံစာ က အလေးအနက်ထား တင်ပြအပ်ပါသည်။

အားလုံး လိုရင်းပန်းတိုင်ကို ရောက်စေသော နှစ်သစ်ဖြစ်ကြပါစေ။

---

## သတင်းတုသတင်းမှားတစ်နှစ်တာကောက်နုတ်ချက်များ

**ဇန်နဝါရီလ**

- ထိုင်း-မြန်မာနယ်စပ် ကရင်ပြည်နယ်တွင် စစ်ရေးရှုံးနိမ့်မှုကြုံနေခဲ့ရသည့် စစ်ကောင်စီသည် **KNU ဥက္ကဋ္ဌ ကို ထိုင်းအစိုးရက ဖမ်းတော့မည်**[34]၊ **BFG အကြီးအကဲ ဗိုလ်မှူးကြီးစောချစ်သူ ကို ဒ.စ.က မှူးအဖြစ် ပေးလိုက်ပြီ**[35] စသည့်သတင်းအမှားများဖြန့်ဝေပြီး စစ်ရေး၊ နိုင်ငံရေးအခြေအနေကို သွေးတိုးစမ်းခဲ့သည်။
- သံဘိုတိုက်ပွဲအတွင်း အရှင်ဖမ်းမိသည့် **စစ်ကြောင်းမှူးဒုဗိုလ်မှူးကြီး ပြုံးရယ်နေသည့် ဓာတ်ပုံ** သည် လူမှုမီဒီယာပေါ်တွင် လူကြိုက်များပြီး ပျံ့နှံ့မှုများပြားခဲ့သည့် ဓာတ်ပုံတပုံ ဖြစ်ခဲ့ရာ ယင်းဓာတ်ပုံအား **AI ဖြင့်ဖန်တီးထားသည့် ဓာတ်ပုံအတု**[36]ဟု စစ်ကောင်စီ ထောက်ခံသည့် လူမှုမီဒီယာ စာမျက်နှာများက တန်ပြန်ဖြန့်ဝေခဲ့ပြီး စစ်ကောင်စီ တပ်သားများ လက်နက်ချအညံ့ခံမှုကို ဖုံးကွယ်ခဲ့သည်။
- **ကျားဖြန့်လုပ်ငန်းများ လုပ်ကိုင်နေသည့် ကိုးကန့်အဖွဲ့လူစာရင်း**ကို တရုတ်နိုင်ငံဘက်က ထုတ်ပြန်ခဲ့ကြောင်း[37]နှင့် **ကိုးကန့်တပ်က ၎င်းတို့ဒေသတွင်းမြန်မာစာ၊ မြန်မာကျောင်းများ ကို သင်ခွင့်မပြု**ကြောင်း ကြေညာထားသည်[38] ဟု ခိုင်လုံမှုမရှိသည့် အကြောင်းအရာများကို ဖြန့်ဝေခဲ့ပြီး MNDAA တပ်ကို ရာဇဝတ်မှုကျူးလွန်သည့်အဖွဲ့ လူမျိုးရေးခွဲခြားသည့် အဖွဲ့အဖြစ် ပုံဖော်တိုက်ခိုက်ခဲ့သည်။ ထို့ပြင် MNDAA တပ်သားတဦးက စေတီပေါ်တက်ပြီး တူဖြင့်ထုနေသည့် ရုပ်သံဖိုင် ထွက်ပေါ်လာခဲ့ကာ စစ်ကောင်စီ ထောက်ခံသူများ ဘက်က အဆိုပါကိစ္စအားအခြေပြု၍ ဘာသာရေးလူမျိုးရေးအမုန်းတရား လှုံ့ဆော်ခဲ့သည်။ ယင်းဖြစ်စဉ်နှင့်စပ်လျဉ်းပြီး MNDAA အဖွဲ့က စာထုတ်တောင်းပန်မှု ပြုလုပ်ခဲ့သော်လည်း စစ်ကောင်စီ ထောက်ခံသည့် ဝါဒဖြန့်ချိရေးစာမျက်နှာများတွင် ကိုးကန့်လူမျိုးမုန်းတီးရေး အကြောင်းအရာများ ဆက်လက်ဖြန့်ဝေခဲ့သည်။
- ရှမ်းမြောက်စစ်ပွဲများကိုလည်း တရုတ်ကျူးကျော်စစ်[39] ဟု တွင်တွင်ကျယ်ကျယ်အသုံးပြုခဲ့ပြီး စစ်ဆင်ရေးအမှတ် (၁၀၂၇) အတွင်း **တော်လှန်ရေးတပ်များမှ စစ်သည် (၇၀၀၀) ကျော်သေဆုံးခဲ့သည်**[40] ဟု ဖြန့်ဝေကာ စစ်ကောင်စီတပ်၏ အထိနာမှုကို ဖုံးကွယ်၍ ပြည်ပကျူးကျော်စစ်အဖြစ် သွေးထိုးခဲ့သည်။

---

[34] https://archive.md/nUxbD, https://archive.md/7wHOI
[35] https://archive.md/NLKFt
[36] https://archive.ph/EBpJ1
[37] https://archive.ph/5EtTB (တရုတ်ဘာသာစကားအသုံးပြုမှုပါဝင်)
[38] https://archive.md/YsaoX , https://archive.md/SuVo9
[39] https://ghostarchive.org/archive/zu5uT, https://archive.ph/6gr6P, https://archive.ph/M7a6B
[40] https://archive.ph/J42Ah

- တော်လှန်ရေးအင်အားစုဘက်တွင် လူသိများထင်ရှားသည့် ၄၄ လမ်းဖြစ်စဉ်[41]မှ တဦးတည်း လွတ်မြောက်လာသူ Rapper Flexx သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ရက်က မဲဆောက်မြို့တွင် ကျောက်ကပ်ရောဂါဖြင့် သေဆုံးခဲ့သည့် ဖြစ်စဉ် နှင့်ပတ်သက်၍ စစ်ကောင်စီဆက်စပ်ဝါဒဖြန့်စာမျက်နှာများက **မူးယစ်ဆေးရှော့ဖြစ်၍ သေဆုံးရခြင်းဖြစ်သည်**[42] ဟု သိက္ခာချဖြန့်ဝေခဲ့သည်။

**<u>ဖေဖော်ဝါရီလ</u>**

- အာရက္ခတပ်တော် **AA သည် စစ်ကောင်စီတပ်ပိုင် ရေယာဉ်ကိုတိုက်ခိုက်ရာ ကလေး၊ လူကြီး၊ အမျိုးသမီးပါမကျန် သတ်ဖြတ်ခဲ့သည်**ဟု စစ်ကောင်စီထောက်ခံသူများက စွပ်စွဲခဲ့ပြီး ရခိုင်များကို မုန်းတီးသင့်ကြောင်း ရေယာဉ်ပျက်စီးသည့်ရုပ်သံမှတ်တမ်းများအပြင် **ရေယာဉ်ပေါ်ကတပ်မိသားစု၏ နောက်ဆုံးပုံရိပ်များ**[43]ဟု ဆိုကာ ဓာတ်ပုံအဟောင်းများကို အသုံးပြု၍ ဖြန့်ဝေခဲ့သည်။ အဆိုပါ ဖြန့်ဝေမှုများနှင့်ပတ်သက်၍ [The Red Flag က ဖြစ်ရပ်လေ့လာမှုအဖြစ်ပြုစုခဲ့ပြီး website တွင်ဖော်ပြ](#) ထားပါသည်။
- စစ်ရှုံး၍ တပ်သားပြုန်းတီးနေသည့် စစ်ကောင်စီသည် ပြည်သူ့စစ်မှုထမ်း ဥပဒေကို အသက်သွင်းအတည်ပြုသည့် ဖေဖော်ဝါရီလတွင် အတည်ပြုလိုက်သည့်အတွက် စစ်ကောင်စီထောက်ခံသူများသည် **ဗိုလ်ချုပ်အောင်ဆန်းကပင် ပြည်သူ့စစ်မှုထမ်းဥပဒေ ကို လက်ခံခဲ့သည်**[44]ဟု အထောက်အထားမဲ့စွာ ရေးသားပြီး စစ်မှုထမ်းဥပဒေကို ထောက်ခံသည့်အရေးအသားများဖြန့်ဝေခဲ့ကြသည်။
- ဖြူးမြို့တွင် ဗမာအမျိုးသမီးတစ်ဦးကို မွတ်ဆလင်အမျိုးသားတစ်ဦးက လည်လှီးသတ်ဖြတ် သည်[45]ဟု နောင်တော်လေးဦးဆောင်သည့် အမျိုးသားရေးအစွန်းရောက်များက ဘာသာရေးမုန်းတီးမှုဖြစ်စေရန် လှုံ့ဆော်ခဲ့သည်။
- **နိုင်ငံရေးအကျဉ်းသူ မနိုဘယ်အေးသေဆုံးမှုသည် PDF များက နှုတ်ပိတ်လိုက်ခြင်းဖြစ်သည်**[46] ဟု စစ်ကောင်စီ၏ရာဇဝတ်မှုကိုဖုံးကွယ်ရန် ဖြန့်ဝေခဲ့သော်လည်း သတင်းမီဒီယာများတွင်ဖော်ပြမှုအရ စစ်ကောင်စီဖမ်းဆီးထားစဉ် သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

---

[41] https://burmese.voanews.com/a/yangon-5-people-jump-from-building/5998740.html
[42] https://archive.ph/9woR1, https://archive.ph/UjGzB
[43] https://archive.ph/wip/BVdYz, https://archive.ph/o2Z5S
[44] https://archive.ph/CwAdP
[45] https://archive.ph/C2qkF
[46] https://archive.ph/pxgqN

- မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ **မြောက်ခင်ရမ်းကျေးရွာတွင် YDFရဲဘော်နှစ်ဦးကို စစ်တပ်နှင့် ပျူစောထီးတို့က အရှင်လတ်လတ်မီးရှို့သတ်ဖြတ်ခဲ့သည့် ရုပ်သံ**နှင့်[47] စပ်လျဉ်းသည့် သတင်းတုသတင်းမှားများကို ထုတ်လွှင့်၍ တုန်လှုပ်ခြောက်ခြားဖွယ် စစ်ရာဇဝတ်ကျူးလွန်မှုကို ဖုံးကွယ်ခဲ့ခြင်း
- **ဒီးမောဆိုရှိ စာသင်ကျောင်းအား လေကြောင်းကတိုက်ခိုက်သည့် ဖြစ် စဉ်အတွင်းသေဆုံးခဲ့သူများသည် PDF များဖြစ်သည်**[48]ဟု လိမ်လည်ပြီး အရပ်သားများအား သေဆုံးစေခဲ့သည့် စစ်တပ်၏ ရာဇဝတ်မှုကို ဖုံးကွယ်ခဲ့သည်။

**<u>မတ်လ</u>**

- တပ်စခန်းလက်လွှတ်ရမှု၊ တပ်သားများလက်နက်ချအညံ့ခံမှုများပြားသောကြောင့် ဂုဏ်သိက္ခာ ပြန်ဆည်ရသည့် စစ်ကောင်စီနှင့် ၎င်းထောက်ခံသူများသည် ရှမ်းပြည်နယ် နောင်ချိုမြို့ သံဘိုရွာတိုက်ပွဲတွင် ဖမ်းဆီးရမိသော စစ်သုံ့ပန်းဗိုလ်မှူးကြီးသက်အောင်ကို PDF များက လက်နက်စမ်းသပ်ခိုင်းစဉ်သေဆုံး[49] သွားသည်ဟုဖြန့်ဝေပြီး လက်နက်ချသည့်ကိစ္စကိုအကြောက်တရား ရစေရန် ပုံဖော်ခဲ့သည်။
- စစ်ကောင်စီ၏ ရာဇဝတ်မှုများအား တော်လှန်ရေးအင်အားစုများကို လွှဲချရန်အတွက် တော်လှန်ရေးအင်အားစုများကစစ်ကောင်စီ အယောင်ဆောင်ပြီးပြည်သူကိုသတ်နေသည်[50] ဟု အခြေအမြစ်မရှိ ဖန်တီးဖြန့်ဝေခဲ့သည်။
- လူမျိုးရေးဘာသာရေး အမုန်း တရားလှုံ့ဆော်မှု အနေဖြင့် ကချင်တွင် KIA က ဗမာများကို မောင်းထုတ်[51]၊ ဒေါပုံတွင် အသက်မပြည့်သည့်ကလေးငယ်ကို မွတ်ဆလင် ၂၀၀ က ဝိုင်းထိုးကြိတ်[52]၊ အစ္စလာမ်ဘာသာသို့ ကူးပြောင်းလိုက်သည့် AA ဒုစစ်ဦးစီးချုပ်[53]စသည့်အကြောင်းအရာများကို လိမ်လည်ဖြန့်ဝေခဲ့ပြီး တိုင်းရင်းသား လက်နက်ကိုင်များနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သူများက ဗမာလူမျိုးများကို အနိုင်ကျင့်နေပြီး အခြားလူမျိုးနှင့်ဘာသာဝင်များကြီးစိုးနေကြောင်း၊ ထိတ်လန့်စရာဖြစ်ကြောင်း ပုံဖော်ခဲ့သည်။

---

[47] https://archive.ph/NR1J9, https://archive.ph/YT5ZN, https://archive.ph/v8Mym
[48] https://archive.ph/W3lsa, https://archive.ph/wOVT6, https://archive.ph/PAuyJ
[49] https://archive.ph/AQgrc
[50] https://archive.ph/afN6J
[51] https://archive.ph/3w9W9
[52] https://archive.ph/aN2w1, https://archive.ph/yhOS5, https://archive.ph/Ulz6H
[53] https://archive.ph/mSFkB

- ရခိုင်ပြည်တွင် ရခိုင်- ရိုဟင်ဂျာ လူမျိုးရေးပဋိပက္ခဖြစ်စေရန် ဦးတည်သည့် သတင်းတု၊ သတင်းမှားများ ဖြန့်ရုံသာမက မြေပြင်တွင် ဖိအားပေး၍ မွတ်ဆလင်ဘာသာဝင်များက အာရက္ခတပ်တော် (AA) အားဆန္ဒပြသည့် ဖြစ်စဉ်များ[54] စတင်ပေါ်ပေါက်ခဲ့သည်။

**မေပြီလ**

- PDF များ စစ်တပ်နှင့်ရဲအသွင်ယူမည်[55]ဆိုသည့်ကိစ္စကို စစ်ကောင်စီဝါဒဖြန့် စာမျက်နှာများ ဆက်လက်ဖြန့်ဝေခဲ့ပြီး စစ်ကောင်စီကျူးလွန်သည့် ရာဇဝတ်မှုများအား PDF များကို လွှဲချရန် ကြိုတင်ပြင်ဆင်ခဲ့သည်။
- NUG သည် ရာဇဝတ်မှုနှင့် မသမာမှုများကျူးလွန်နေသည်ဟု စွပ်စွဲဖန်တီးထားသည့် အကြောင်းအရာများကိုလည်း အများအပြား ဖြန့်ဝေခဲ့သည်ကိုတွေ့ရသည်။ အလှူငွေလိမ်လည်ခြင်းနှင့် လူသတ်မှုများကြောင့် NUG ကို FBI က စစ်မည်[56]၊ NUG/CRPH အလှူငွေ ဒေါ်လာကိုးသန်းကိုအလွဲသုံးထားပြီး မဖြေရှင်း[57]စသည့် အကြောင်းအရာများအပြင် NUG/PDF များ မွတ်ဆလင်များထံမှ ငွေလက်ခံပြီး သင်္ကြန်တွင် ဗုံးဖောက်နေသည်[58]၊ NLD အမတ်ဟောင်းဒေါ် ဖြူဖြူသင်း အား နှုတ်ပိတ်မည်[59]၊ စိတ်ဖိစီးမှုများကြောင့် ဒေါက်တာဇော်ဝေစိုး အဆိပ်သောက်၍ သေကြောင်းကြံ[60] ဆိုသည့် အကြမ်းဖက်မှုနှင့် အသက်အန္တရာယ်ခြိမ်းခြောက်မှုများအထိ ထည့်သွင်းဖန်တီးပြီး ဆန့်ကျင်ဘက်အင်အားစုကို တိုက်ခိုက်ခဲ့သည်။
- တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များအား အယုံအကြည်မဲ့စေရန်နှင့် စိတ်ဓာတ်ပျက်ပြားစေရန်ရည်ရွယ်ပြီး ဗိုလ်ကြီးဟောင်းနေမျိုးဇင် ကွယ်လွန်[61]၊ ဗိုလ်စလုံးကို ဖမ်းမိထားသည်[62]၊ စစ်ဘက်ရေးရာ CDM အရာရှိများကို KNU စစ်ကြောရေးလုပ်နေသည်[63] စသည့် သတင်းအမှားများဖြင့် တိုက်ခိုက်ခဲ့သည်။

---

[54] https://archive.ph/zJbu1 , https://archive.ph/5bg6y
[55] https://archive.ph/PdCqG
[56] https://archive.ph/CYZrt
[57] https://archive.ph/srGD6
[58] https://archive.ph/TaWcn, https://archive.ph/Gb1IY, https://archive.ph/1noWr, https://archive.ph/E0SUE
[59] https://archive.ph/KT6lr
[60] https://archive.ph/XP3Uo
[61] https://archive.ph/wl5f7
[62] https://archive.ph/juteI
[63] https://archive.ph/mWw6L

- ဘာသာရေးအငြင်းပွားဖွယ်ရာ ပုံ့နှံ့မှုအဖြစ် စစ်ကောင်စီတပ်က စစ်မှုထမ်းဆောင်ရန် ခေါ်သွားခြင်းခံရသည့် အစ္စလာမ်ဘာသာဝင် အမျိုးသားတစ်ဦးသည် လေးရက်အကြာတွင် သေဆုံးသွားရခြင်းမှာ "အရက်စွဲရောဂါ" ကြောင့် ဟု စစ်တပ်က ထုတ်ပြန်ခဲ့ပြီး[64]၊ သတင်းဌာနအချို့က လေ့ကျင့်ရေး သင်တန်းကျောင်း၌ "ဝက်သားမစားသည်ကို အတင်းကျွေး၍ နှိပ်စက်ခံရခြင်း" ကြောင့်သေဆုံးခြင်း စသဖြင့် ကွဲလွဲစွာသတင်းဖော်ပြမှုသည် အစ္စလာမ်ဘာသာဝင်များ အကြားတွင် မခံမရပ်နိုင်ဖြစ်၍ ပုံ့နှံ့မှုများခဲ့သည့် အကြောင်းအရာဖြစ်ပါသည်။

**မေလ**

- လက်နက်ချအညံ့ခံခြင်းနှင့် တပ်သားပြန်းတီးမှုတို့ကြောင့် စစ်တပ်ထောက်ခံသူများကြားတွင်ပါ ထောက်ခံမှုကျဆင်းခဲ့သော စစ်ကောင်စီသည် ၎င်းတို့ဘက်က အသေအဖမ်းခံရသည့်(သို့မဟုတ်) လက်နက်ချသည့် စစ်သည်နှင့် ရာထူးကြီးသည့် ပုဂ္ဂိုလ်များ၏ ပုံရိပ်များ လူမှုမီဒီယာပေါ် ပုံ့နှံ့လာပါက မဟုတ်မှန်သည့်ငြင်းဆိုချက်များဖြင့် ဖုံးကွယ်လိမ်လည်လေ့ရှိသည်။ မန္တလေးတိုင်း၊ စဥ့်ကူးမြို့ ဝါးပိုးချပ်ရွာတိုက်ပွဲတွင် တော်လှန်ရေးအင်အားစုများ အသေဖမ်းဆီးရမိသည့် စစ်ကောင်စီ ဒုဗိုလ်မှူးကြီး၏ ဓာတ်ပုံပုံ့နှံ့မှုများခဲ့ပြီးနောက် အဆိုပါဓာတ်ပုံသည် လိမ်လည်ရိုက်ကူးထားခြင်း ဖြစ်သည်[65]ဟု မီဒီယာအမည်ခံ အောင်မင်း၏ Telegram စာမျက်နှာက တုန့်ပြန်ခဲ့သည်။
- ဖမ်းဆီးထားသည့် စစ်သုံ့ပန်းများကိုလည်း ဆိုရှယ်မီဒီယာတွင်သာကြိုဆိုပြီး မြေပြင်တွင် သတ်ဖြတ်နေ[66]သည်ဟုဆိုကာ တော်လှန်ရေးအင်အားစု များထံ လက်နက်မချရဲစေရန် အမုန်းတရားနှင့် အကြောက်တရား ထည့်သွင်း ဖြန့်ဝေခဲ့သည်။
- တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များက အနိုင်ကျင့်ပြီး ရာဇဝတ်မှုများကျူးလွန်နေသည့်သဖွယ် ကရင်နီတွင် ERO/PDF ခေါင်းဆောင်များက မူးယစ်ဆေးကျွေးပြီးစစ်တိုက်ခိုင်းနေသည်[67]၊ AA အဖွဲ့ဝင်များတစ်နေ့လျှင် WY ဆေးပြား ၅ ပြား သုံးစွဲနေရ[68]စသည်ဖြင့် ဖန်တီးဖြန့်ဝေခဲ့ကြသည်။
- CDM ပြုလုပ်ထားသူများအား တော်လှန်ရေးအင်အားစုများက ဖိနှိပ်မှုများပြုလုပ်ပြီး အချို့နေရာများတွင် သတ်ဖြတ်မှုပါကျူးလွန်ကြောင်းကို စစ်သုံ့ပန်းများကို ဆိုရှယ်မီဒီယာတွင်သာကြိုဆိုပြီး မြေပြင်တွင်

[64] https://archive.ph/Jka0x, https://archive.ph/RYcar
[65] https://archive.ph/aiwX1
[66] https://archive.ph/I3qwf
[67] https://t.me/BABANYUNT6/11202
[68] https://archive.ph/A3QjP

သတ်ဖြတ်နေ[69]၊ CDM ရဲများ မြေပြင်တွင်အသတ်ခံနေရသည်[70]၊ CDM ဆရာမများ ကျူရှင်သင်နေသည့် အတွက် PDF များက ပါးခေါ် ရိုက်[71] စသည်ဖြင့် CDM လှုပ်ရှားမှုနှင့်ပတ်သက်ပြီး အကြောက်တရား ထည့်သွင်း ဖန်တီးခဲ့သည်။

## ဇွန်လ

- ဇွန်လ ၁ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ နာယက သူရဦးတင်ဦးကွယ်လွန်ခဲ့ပြီး မကွယ်လွန်မီ နောက်ဆုံးမှာကြားချက်သုံးချက်[72]အဖြစ် ပြည်သူကို ဒုက္ခပေးနေသည့် NUG နှင့် PDF အကြမ်းဖက်သမားများအား အမြစ်ပြတ်အောင် နှိမ်နင်းပေးရန်၊ NLD ပါတီသည်လည်း NUG/PDF အကြမ်းဖက်သမားများကြောင့် ပျက်စီးသွားပြီဖြစ်ကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်လည်း ၎င်းနောက်အမြန်ဆုံး လိုက်လာရန်မျှော်လင့်သည်ဟု မှာကြား သွားကြောင်း စစ်ကောင်စီ ထောက်ခံသူများက ဖန်တီးဖြန့်ဝေခဲ့သည်။
- ဒေါ်အောင်ဆန်းစုကြည် မွေးနေ့ရှိသည့် လဖြစ်သည့်အတွက် ဒေါ်အောင်ဆန်းစုကြည်ကို ဦးတည် တိုက်ခိုက်သည့် အကြောင်းအရာများအဖြစ် ဒေါ်စုဘုရားဝတ်ပြုနည်းသည် အစ္စလာမ်ဝတ်ပြုနည်း ဖြစ် သည်[73]၊ ၇၉ နှစ်ပြည့် ဒေါ်အောင်ဆန်းစုကြည် မွေးနေ့တွင် ပန်းပန်သူများသည် အခကြေးငွေယူကာ တော်လှန်ရေး အင်အားစုများက စီစဉ်သည့် ပန်းသပိတ်တွင် ပါဝင်သည့်သူများဖြစ်သည်[74] စသည်ဖြင့် ဖြန့်ဝေခဲ့ကြသည်။
- ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းတိုက် နာယကဆရာတော် အား စစ်ကောင်စီတပ်က ပစ်သတ်ခဲ့ပြီးနောက် ၎င်းတို့ မကျူးလွန်ကြောင်းဖုံးကွယ်ရန်အတွက် အကြောင်းအရာအမှားများကို ပုံစံအမျိုးမျိုးဖြင့် ဖြန့်ဝေခဲ့ သည့် ဖြစ်ရပ်အား The Red Flag က လေ့လာပြုစုပြီး မှတ်တမ်းတင်ထားပါသည်။
- တိုင်းရင်းသားလက်နက်ကိုင် တော်လှန် ရေးအဖွဲ့များ သည် ပြည်သူများကို ဖိနှိပ်ကာ ဘာသာရေးခွဲခြားမှု ပြုလုပ်နေပြီး အချင်းချင်းထောက်လှမ်းကာ စစ်တပ်ကို သတင်းပေးနေသည့် အခြေအနေများ ဖြစ်ပေါ်

[69] https://archive.ph/I3qwf
[70] https://archive.ph/N6ne1
[71] https://archive.ph/2Hze6
[72] https://archive.ph/HhzJL
[73] https://archive.ph/91we4, https://archive.ph/0Dy8P, https://archive.ph/B2TKa, https://archive.ph/74F1j, https://archive.ph/ecahQ
[74] https://archive.ph/9ZESw, https://www.facebook.com/share/p/HtQM1EbMMhSwdYpV/?mibextid=WC7FNe

နေသည်ဟု ဖြန့်ဝေခဲ့သည်။ မောင်တောရှိမွတ်စလင်များ အီးဒ်နေ့ မကျင်းပနိုင်ရန် AAမောင်းထုတ်[75]၊ KIA သတင်းပေးမှုဖြင့် TNLA ဌာနချုပ်ကို စစ်တပ်ဗုံးကြဲ[76]၊ ပြည်သူများကို TNLA လူသားဒိုင်း ပြုလုပ်ထားသည်[77]စသည့် အကြောင်းအရာများဖြစ်သည်။

- မေလကုန်ပိုင်းက VPNအသုံးပြုမှုများကို စစ်ကောင်စီက ပိတ်ဆို့ ကန့်သတ်ခဲ့ပြီး VPN အသုံးပြုပါက မြေပြင်တွင်ဖမ်းဆီး သည့် ဖြစ်စဉ်များပါ ရှိခဲ့သော်လည်း စစ်ကောင်စီထောက်ခံသည့် ဝါဒဖြန့် Channel များကမူ VPN သုံးစွဲသူများကို ဖမ်းဆီးခြင်း မရှိ[78]ကြောင်း နှင့်ယင်းသို့မညွှန်ကြားထားကြောင်း၊ လက်အောက်ငယ်သား များကသာ အလွဲသုံးစားလုပ်နေခြင်းဖြစ်ကြောင်း ဖြန့်ဝေခဲ့ကြသည်။
- လကုန်ပိုင်း ရှမ်းမြောက်ဒေသများ တွင် ၁၀၂၇ စစ်ဆင်ရေး ဒုတိယလှိုင်း ပြန်လည်စတင်ခဲ့ရာ စစ်ကောင်စီ တပ်အတွက် အထိနာစရာကိစ္စ တစ်ခု ထပ်တိုးလာခဲ့ပြီး ထိုဒေသများကို ပစ်မှတ်ထားသည့် အကြောင်းအရာများ ပိုမိုဖြန့်ဝေလာခဲ့သည်။

**ဇူလိုင်လ**

- ၁၀၂၇ ဒုတိယလှိုင်းအတွင်း မြို့နယ်များထပ်မံလက်လွှတ်ဆုံးရှုံးခဲ့ရသည်နှင့် တစ်ပြိုင်နက် စစ်ကောင်စီ ထောက်ခံသည့် Telegramစာမျက်နှာများတွင် အရပ်သားများရှိသည့်နေရာများကိုပါ လေကြောင်း တိုက်ခိုက်မှု ပြုလုပ်ရန် အထူးလှုံ့ဆော်ပြီး ထိုနေရာများသည်အရပ်သားမဲ့ဇရိယာများ ဖြစ်သည်ဟု တံဆိပ်ကပ် ကာ လေကြောင်း တိုက်ခိုက်မှုကို တရားဝင်တိုက်ခိုက်မှုအဖြစ်ဖြန့်ဝေခဲ့ကြ သည်။
- အလံဖြူပြ လက်နက်ချမှုများလည်း တစ်ထက်တစ်စ ပိုမိုများပြားလာသည့်အတွက် လက်နက်ချ၊ အဖမ်းခံ ရသူများ အသတ်ခံနေရသည့်[79] ကိစ္စအား ဆက်လက်ဖြန့်ချိကြသည်ကိုတွေ့ရသည်။
- တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များက မူးယစ်ဆေးသုံးပြီးစစ်တိုက်ခြင်း၊ ထွက်ပြေးသူ များကို လိုက်လံသတ်ဖြတ်ခြင်း၊ ကလေးစစ်သားများစုဆောင်းအသုံးပြုခြင်း၊ ဒဏ်ရာရသူများအား ဆေး မကုပေးဘဲ ချောက်ထဲသို့ပစ်ချခြင်းစသည့် ရာဇဝတ်မှုများ ကျူးလွန်နေသည်ဟု ပုံဖော်ခဲ့ကြသည်။ KNU တပ်မဟာ (၅) မှ ထွက်ပြေးသူကို လိုက်လံသတ်ဖြတ်ပြီး အလောင်းကိုမိဘများလာယူရန် အကြောင်း ကြား[80]၊ MNDAA စစ်သည်များ မူးယစ်ဆေးကျွေးခံထားရ[81]၊ ဒဏ်ရာရPDF များအား ဆေးမကုပေးဘဲ

[75] https://archive.ph/RCIvW
[76] https://archive.ph/gXvVY
[77] https://archive.ph/aL62L
[78] https://archive.ph/eUc15, https://archive.ph/YXyNk, https://archive.ph/mTe65
[79] https://archive.ph/g37nZ
[80] https://archive.ph/mmeZD
[81] https://archive.ph/r0KU5

ချောက်ထဲပစ်ချ[82]၊ စစ်ဘေးရှောင်ပြည်သူများနှင့် ကလေးများကို MNDAA တပ်သား စုဆောင်းနေ[83]၊ တိုင်းရင်းသားတော်လှန်ရေးအင်အားစုများ ကလေးစစ်သားအသုံးပြု[84]၊ ပြည်သူ့လွှတ်တော် ဒုဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်းကို MNDAA က သတ်လိုက်ပြီ[85]စသည့် အကြောင်းအရာများ ဖြစ်သည်။

- စစ်ကောင်စီနှင့် ၎င်းထောက်ခံသူများက ၁၀၂၇ စစ်ဆင်ရေး၏ နောက်ကွယ်တွင် တရုတ်နိုင်ငံ ပံ့ပိုးကူညီနေသည်ဟု စွပ်စွဲခဲ့ပြီး နိုင်ငံအဝန်းရှိ တရုတ်လူမျိုးများ၏ အသက်အိုးအိမ်ကို ခြိမ်းခြောက်ပစ်မှတ်ထားသည့် အကြောင်းအရာများ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေခဲ့ သည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး The Red Flag က လူမျိုးရေးအမုန်းတရားလှုံ့ဆော်မှု ဖြစ်ရပ်လေ့လာ ချက်အဖြစ် ရေးသား မှတ်တမ်းတင်ပြီး ဖြစ်ပါသည်။

## **ဩဂုတ်လ**

- စစ်ကောင်စီတပ်သည် ဇူလိုင်လ တလလုံး တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ ထိန်းချုပ်သည့် နေရာများကို လေကြောင်းမှ အဆက်မပြတ်တိုက်ခိုက်ခဲ့ပြီး တရုတ်နိုင်ငံသည် စစ်ကောင်စီဘက်က ရပ်တည်နေကြောင်း လေသံပြောင်းလဲကာ ဖြန့်ဝေမှုများပြုလုပ်ခဲ့သည်။ စစ်ကောင်စီထောက်ခံသည့် Telegram စာမျက်နှာများက တရုတ်နိုင်ငံသည် "လောက်ကိုင်ကို ဗုံးကြဲလို့ တရုတ်ပိုင်နက်ထဲ ကျရင်တောင် ဘာမှမဖြစ်ဘူး" [86]ဟု သတင်းစကားပါးခဲ့ကြောင်း ဝါဒဖြန့်ခဲ့သော်လည်း ထိုသတင်းစကားကို မည်သူမည်ဝါက ပြောဆိုကြောင်း ခိုင်လုံသည့် အထောက်အထားမပါဝင်ခဲ့ပါ။
- လေကြောင်းတိုက်ခိုက်မှုအတွက် ပစ်မှတ်ထားခံ ရသည့် ဒေသများကို "ပြည်သူကင်းစင်သည့်မြို့"[87]ဟု တံဆိပ်ကပ်ပြီး ပြည်သူများကပါ "မြေကျန်ရင်ရပြီ" ဟု ပြောဆိုပြီး လေကြောင်းတိုက်ခိုက်မှုကို လိုလိုလားလားရှိသည့်သဖွယ် လိမ်လည်ခဲ့သည်။
- လက်နက်ကိုင်တော်လှန်ရေး အင်အားစုများက ပြည်သူများကို လူမျိုးရေးခွဲခြားပြီး ဖိနှိပ်နေသည်ဟု ထင်ရစေရန်အတွက် လာရှိုးဒေသခံများကို MNDAA ပစ်သတ်နေပြီး ဗမာများကို ဖမ်းဆီး[88]၊ စက်ရုံဝန်ထမ်း ၇၀ ကို လူသားဒိုင်းပြုလုပ်ရန် PDF ဖမ်းထား[89]၊ MNDAAသည် လားရှိုးတွင် လက်နက်ချ၊

[82] https://archive.md/FptAw
[83] https://archive.md/AEhVK, https://archive.md/dFCFx
[84] https://archive.md/TOVLq, https://archive.md/XfDRR
[85] https://archive.ph/IdwXk
[86] https://archive.md/p7d5Q
[87] https://archive.ph/bJcwa
[88] https://archive.ph/JJWH0
[89] https://archive.ph/ZFj6u

အညှဲခံခဲ့သည့် စစ်တပ်အရာရှိစစ်သည် ၇၀ နှင့် ပြည်သူ ၁၅၀ ကို မိုင်းရယ်ဘက်သို့ ခေါ်ထုတ်ပြီး သတ်ဖြတ် လိုက်ပြီ[90] စသည့် အကြောင်းအရာများကို ဖန်တီးဖြန့်ဝေခဲ့သည်။

**<u>စက်တင်ဘာလ</u>**

- ရှမ်းမြောက်စစ်ပွဲများအတွင်း တရုတ်အစိုးရ၏အခန်းကဏ္ဍနှင့်ပတ်သက်ပြီး မေးခွန်းအများအပြား ပေါ်ထွက်လာသည့်ကာလတွင် တရုတ်နိုင်ငံသည် စစ်ကောင်စီတပ်အပေါ်အလေးသာနေသည် ဟု ထင်မြင်စေရန် MNDAA က NUG/PDF ကို လက်မခံကြောင်းစာထုတ်ပြန်[91]၊ မြောက်ပိုင်းမဟာမိတ်များ တည်နေရာကို တရုတ်က ထောက်လှမ်းပြီး စစ်ကောင်စီထံပို့[92] စသည့်အကြောင်းအရာများ ဖြန့်ဝေခဲ့သည်။
- တော်လှန်ရေးအင်အားစုများက ရာဇဝတ်မှုကျူးလွန်နေသည်ဟု ထင်ရစေရန်အတွက်လည်း လားရှိုးရှိ စစ်တပ်သတင်းပေးပြည်သူများအား MNDAA က သတ်ဖြတ်မည်ဟု ခြိမ်းခြောက်[93]၊ ကယ်ဆယ်ရေးလုပ်နေသည့် စစ်ကောင်စီတပ်သားများကို KNU/PDF က ပစ်ခတ်[94]၊ မြန်မာကျပ်ငွေသုံးစွဲနေသူများအား AA က ဖမ်းဆီး[95]၊ ရေးဘေးထောက်ပံ့ရေးပစ္စည်းထဲ PDF များ မိုင်းထည့်တိုက်ခိုက်[96]၊ PDFများက သန်းခေါင်စာရင်းကောက်ခံမည့်သူများကို သတ်ဖြတ်ရန်ကြံစည်နေ[97] စသည့် အကြောင်းအရာများကို ဖန်တီးဖြန့်ဝေခဲ့ကြသည်။
- ထူးခြားချက်မှာ AI ကို အသုံးပြု၍ စစ်ကိုင်းတိုင်း၊ ကြွယ်ပုံရွာမှ အမျိုးသမီးများကို PDF များက အစုလိုက်အပြုံလိုက် သတ်ဖြတ်ကြောင်း နိုင်ငံခြားသတင်းဌာနတစ်ခုက ကြေညာသကဲ့သို့ ရုပ်သံဖြင့် ဖြန့်ချိ[98]ခဲ့ခြင်းဖြစ်ပြီး ထိုဖြစ်စဉ်အတွက် PDF များ ပြုလုပ်သည်ကို သိသာစေလိုခြင်းကြောင့် ထိုသို့ AI ဖြင့်တမင်ဖန်တီးဖြန့်ဝေခဲ့ သည်ဟု စစ်ကောင်စီထောက်ခံသည့် စာမျက်နှာများက ဖော်ပြခဲ့သည်။

**<u>အောက်တိုဘာလ</u>**

---

90 https://archive.ph/ixlwY
91 https://archive.ph/5TjxJ
92 https://archive.ph/PsUmA, https://archive.ph/WLxrr
93 https://archive.ph/wUmFx
94 https://archive.ph/Rk0hw, https://archive.ph/tugPc
95 https://archive.ph/nfPlr
96 https://archive.md/1TkP4
97 https://archive.ph/b5Tyg
98 https://archive.ph/RCkh4

- စစ်ကိုင်းတိုင်းဒေသကြီးဘုတလင်မြို့စီပါရွာတွင်စစ်ကောင်စီကနယ်မြေရှင်းလင်းရေးလုပ်ဆောင်ရင်း ဒေသခံ ၆ ဦးကို အပိုင်းပိုင်းခုတ်ထစ်သတ်ဖြတ်သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သော်လည်း ယင်းဖြစ်စဉ်သည် PDF အချင်းချင်း အပိုင်းပိုင်းခုတ်သတ်[99]ခြင်းဖြစ်ကြောင်း စစ်ကောင်စီထောက်ခံသည့် ဝါဒဖြန့် စာမျက်နှာ များက ဖြန့်ဝေခဲ့ကြသည်။
- NUG အပေါ်ယုံကြည်ထောက်ခံမှုလျော့ကျစေရန်အတွက် စီပါရွာ သတ်ဖြတ်မှုတွင် ဦးရည်မွန်က သတင်းတိုက် များအား ဒေါ်လာ၅၀၀၀ ဖြင့် စစ်တပ်အပေါ်လွှဲချ ရေးသားခိုင်း[100] ၊ NUG လူကြီးချို့ စစ်တပ်ထံ သတင်းပေးနေ[101]၊ လောင်းကစား (2D, 3D) များ ရောင်းပြီး ထောက်ပို့ရန် NUG ညွှန်ကြား[102]စသည့် အကြောင်းအရာများဖြင့် တိုက်ခိုက်ခဲ့သည်။
- တော်လှန်ရေး အင်အားစုများ အချင်းချင်းသွေးကွဲစေရန်အတွက် ဥက္ကံရွာဖုံးကြဲမှု ဗိုလ်နဂါး သတင်း ပေးခြင်းကြောင့်ဖြစ်သည်[103]၊ သက်ငယ်မုဒိန်းကိစ္စဖော်ထုတ်ပြောဆိုခဲ့သည့် အမျိုးသမီးကို NUG/PDF များသတ်ဖြတ်[104] စသည့် အကြောင်းအရာများလည်း ဖန်တီးဖော်ပြခဲ့သည်။
- ဖမ်းဆီးအကျဉ်းချခံထားရသည့် ဒေါ်အောင်ဆန်းစုကြည် လေဖြန်းပြီး စကားမပြောနိုင်[105]ဟု ဖြန့်ဝေကာ ဒေါ်အောင်ဆန်းစုကြည်ကျန်းမာရေးအခြေအနေနှင့်ပတ်သက်ပြီး ပြည်သူများအကြား စိုးရိမ် မှု မြင့်တက်စေရန် လုပ်ဆောင်ခဲ့သည်။

**နိုဝင်ဘာလ**

- အမေရိကန်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲဆိုင်ရာကိစ္စနှင့်ပတ်သက်ပြီး ကမ္ဘာအနှံ့က အာရုံစိုက်နေသည့် ကာလတွင် NUG က အမေရိကန်ရွေးကောက်ပွဲအားလက်မခံကြောင်းထုတ်ပြန်[106]ဟု လည်းကောင်း၊ ဒေါ်နယ်ထရမ့် သမ္မတအဖြစ်ရွေးကောက်ခံရသည့်အတွက် အမေရိကန်သို့ ရောက်ရှိနေသည့် မြန်မာ များကို ပြန်ပို့မည်[107]ဆိုသည့် ကိစ္စများအား ဖြန့်ဝေခဲ့သည်။

---

[99] https://archive.ph/lOnmo
[100] https://archive.md/rJguz
[101] https://archive.md/7K7Q5
[102] https://archive.ph/wip/3fBMM
[103] https://archive.ph/Hm2z0
[104] https://archive.ph/jSjXp
[105] https://archive.md/W8B84
[106] https://archive.ph/eWNHL
[107] https://archive.ph/leZr2

- တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ မူးယစ်ဆေးနှင့် ဆက်နွယ်နေသည်ဟု စွပ်စွဲမှုများကို ဆက်လက်ဖန်တီးခဲ့ရာ ဖုန်တာရှင်အား မူးယစ်ဆေးတရားခံအဖြစ် တရုတ်က ဖမ်းထားခြင်းဖြစ်[108]၊ AAခေါင်းဆောင်များသည် လက်အောက်ငယ်သား စစ်သည်များအား မူးယစ်ဆေးကျွေးခြင်း၊ ဂုတ်တွင် မူးယစ်ဆေးထိုးသွင်းခြင်းများ ပြုလုပ်ပြီးမှ စစ်တိုက်ခိုင်းနေ[109] စသည်ဖြင့် ချိတ်ဆက်ပုံဖော်ခဲ့သည်။
- တရုတ်အစိုးရ၏ ကြားဝင်စွက်ဖက်မှုဖြင့် ရှမ်းမြောက်တိုက်ပွဲများအရှိန်လျော့ကျနေသည့် အချိန်တွင် တိုက်ပွဲများဆက်လက်ဖော်ဆောင်နေသည့် KIA အား ပစ်မှတ်ထားပြီး KIA စိုးမိုးနယ်မြေများရှိ တရုတ်လူမျိုးများအား ဖမ်းဆီး[110]ခဲ့ကြောင်းဖြန့်ဝေကာ တရုတ်နိုင်ငံနှင့် ရန်တိုက်ပေးခဲ့သည်။
- ရှမ်းနှင့်ကရင်နီနယ်စပ်ရှိ ဘန်ကောက်စစ်ရှောင်စခန်းအား စစ်ကောင်စီတပ်က လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ ကလေးငယ်များနှင့် အရပ်သားသေဆုံးမှု ဖြစ်စဉ်ရှိခဲ့ပြီး ယင်းဖြစ်စဉ်ကို ဖုံးကွယ်ရန်အတွက် ဘန်ကောက် ကျေးရွာတွင် စစ်လက်နက်ထုတ်နေခြင်းကြောင့် ဗုံးကြဲခြင်း ဖြစ်သည်[111] ဟု စစ်ကောင်စီအတွက် ဝါဒဖြန့်ပေးနေသည့် စာမျက်နှာများက ဖော်ပြခဲ့သည်။

108 https://archive.ph/dWLSg, https://archive.ph/lx71t
109 https://archive.ph/2rjMs, https://archive.ph/p9zq9
110 https://archive.ph/iRfcd
111 https://archive.ph/qFcZn

## နောက်ဆက်တွဲဇယားဖော်ပြမှု

| Extreme Risk Level Wording | | |
|---|---|---|
| **No.** | **Encryption** | **Decryption** |
| 1 | မိတ်ကပ်လူး | မျက်နှာကို ရိုက်နှက်စစ်ကြော |
| 2 | ဖုန်ခါ | ရိုက်နှက်၊ နားပန်ကျင်း |
| 3 | သင်္ချို | သတ်ဖြတ် |
| 4 | ငှက်ချီးပါ | လေကြောင်းဗုံးကြဲတိုက်ခိုက်မှု |
| 5 | ဥများဥချ | လေကြောင်းမှဗုံးကြဲခြင်း |
| 6 | ပြာလီစွ | ပြာဖြစ်သည်အထိ တိုက်ခိုက်၊ မီးရှို့ရန်လှုံ့ဆော် |
| 7 | အစာကောက် | လေကြောင်းတိုက်ခိုက်မှု |
| 8 | အမြန်ကောက် | အမြန်ဆုံး ဖမ်းဆီးရန် |
| 9 | ဖြောင်ပစ်လိုက် | သတ်ပစ်ရန် လှုံ့ဆော်။ |
| 10 | မီးသွေးထပ်ဖုတ်ရန် | မီးလောင်တိုက်သွင်းရန် လှုံ့ဆော် |
| 11 | ဆန်ပြုတ်သောက်ပင့်ထား | အစားအစာဝါးမစားနိုင်သည်အထိ ရိုက်နှက်ရန်လှုံ့ဆော် |
| 12 | အရှင်ကိုလုံးဝမယူတာ | သတ်ရန်လှုံ့ဆော် |
| 13 | ကခုန် | ဗုံးကြဲရန်လှုံ့ဆော် |
| 14 | သဖြ | သတ်ဖြတ် |
| 15 | မတ်စိကိုက် | သေဆုံးသည် |
| 16 | မီးဖုတ် ပေးရန် | လေကြောင်းမှ ဗုံးကြဲပေးရန် လှုံ့ဆော် |
| 17 | နေ့လယ်စာ/ ညစာ | လေကြောင်းဖြင့် နေ့လယ်နှင့် ညတွင်တိုက်ခိုက်ခြင်း |
| 18 | မိုးကြိုးပစ် | လေကြောင်းတိုက်ခိုက်မှု |

THE RED FLAG

| | | |
|---|---|---|
| 19 | စကရ | စစ်ကြောရေး |
| 20 | မိတ်ကပ်နန္ဒင်း | ဖူးယောင်သည့်အနာကို နန္ဒင်းအုံခြင်း |
| 21 | မီးဖုတ် | မီးလောင်တိုက်သွင်း |
| 22 | အပေါ်ကောင် | လေကြောင်းမှ လေယာဉ်ဖြင့်တိုက်ခိုက်ရန် |
| 23 | စွခွက်ရိုက် | မျက်နှာအား ရိုက်နှက်စစ်ဆေး |

| High Risk Level Wording | | |
|---|---|---|
| **No.** | **Encryption** | **Decryption** |
| 1 | သားဖောက်ကောင် | အစ္စလာမ်ဘာသာဝင်များ၊ ရိုဟင်ဂျာများ |
| 2 | မျိုးပွားစိတ် | အစ္စလာမ်ဘာသာဝင်များ၊ ရိုဟင်ဂျာများ |
| 3 | လင်းယုန် ဥ<br>အလုံးကြီးကြီးချ | လေကြောင်းမှဖျက်အားပြင်းဗုံးအကြီးများကြဲသည် |
| 4 | သိမ်းဌက်အစာကောက် | လေကြောင်းတိုက်ခိုက်မှုပြုလုပ် |
| 5 | စကရ | စစ်ကြောရေး |
| 6 | ခိုးဝင်ကူမင်တန်များ | ကိုးကန့်လူမျိုး |
| 7 | မုန့်တီမလင် | ရခိုင်အမျိုးသားများ |
| 8 | မုတ်ဆိတ်ကြောက်<br>ခဲဝါများ | ရက္ခိုင့်တပ်တော်AA |

THE RED FLAG

| | | |
|---|---|---|
| 9 | မုတ်ဆိတ်မယား | မွတ်ဆလင်ဇနီး |
| 10 | မုတ်ဆိတ်များ | မွတ်ဆလင်/ ရိုဟင်ဂျာများ |
| 11 | ဝမစ | အစ္စလာမ်ဘာသာဝင် |
| 12 | သရေကြိုးတစ်ပြားတွေ | အစ္စလာမ်ဘာသာဝင် |
| 13 | ငပွေး | ကရင်လူမျိုး |
| 14 | ဘင် | ရိုဟင်ဂျာလူမျိုး |
| 15 | မီးဖုတ် | မီးလောင်တိုက်သွင်း |
| 16 | မညယ်ကောင် | ကချင်လူမျိုး |
| 17 | ဘုတို | ခြေပြတ်လက်ပြတ်ဖြစ်နေသည့်ဒဏ်ရာရစစ်သည် |
| 18 | ရဂိ | ရခိုင်လူမျိုး |
| 19 | ဖျားသခင်နဲ့တွေ့ | သေဆုံး |
| 20 | ဘဲပွဲကနေ | စစ်တပ်၏ ရေတပ် တိုက်ခိုက်မှုလုပ်နေ |
| 21 | ကျွန်ဗယ်မာနီပိတ်များ | ကျွန်ခံနေသည့် ဗမာလူမျိုးများ |
| 22 | ခေါင်ရည်လချိပ် | ကချင်လူမျိုး |
| 23 | ဂျိန်ဖော့စစ်သွေးကြွ | KIA |
| 24 | ပဒေသရာဇ် ရခွေးတိုင်းပြည် | ရခိုင်ပြည် |
| 25 | လနက၊ လနင | လက်နက်ကြီး၊ လက်နက်ငယ် |
| 26 | AAရခီးတွေ | AAရခိုင်လူမျိုးများ |
| 27 | အံပုံကျွတ်အောင်သာ ကြိတ် | မျက်နှာကိုရိုက်နှက် |
| 28 | ရခီး | ရခိုင်လူမျိုး |

| | | |
|---|---|---|
| 29 | ဒယ်အိုးထဲရောက်သွားပြီ | သေသွားပြီ၊ ငရဲသွားပြီ |
| 30 | ဒန်းစီး | ဒဏ်ရာရသည် |
| 31 | နိပ်တိကင်း | တော်လှန်ရေးထောက်ခံသူများကင်းစင်ပြီ |
| 32 | တက်လန် | တက်တိုင်းလန်ကျ |
| 33 | တက်ကုန် | တက်တိုင်းကုန် |
| 34 | တက်ရှော | တက်တိုင်းသေဆုံး |
| 35 | တိုပြတ်ဖွာလန် | လက်နက်ကြီးထိမှန်ကာ ခြေထောက်၊ ကိုယ်အင်္ဂါအစိတ်အပိုင်းပြတ်တောက်သူများ |

| None Risk Level Wording | | |
|---|---|---|
| **No.** | **Encryption** | **Decryption** |
| 1 | ခဲဝါ | AAလက်နက်ကိုင်အဖွဲ့ |
| 2 | ရွှေဘ | ရဲ၊စစ်သား |
| 3 | ရေခဲ | အေးဆေး |
| 4 | ပွဲကြီး | အမေရိကန် |

| | | |
|---|---|---|
| 5 | မြန်ပတပ်မတော် | အာဏာသိမ်းစစ်တပ် |
| 6 | အစိမ်းချစ်သူ၊ စိမ်းပိန်း | စစ်တပ်ထောက်ခံအားပေးသူ |
| 7 | စမထဟ | စစ်မှုထမ်းဟောင်း |
| 8 | ပသစ | ပြည်သူ့စစ် |
| 9 | ဝက်ဝံကြီး | ရုရှား |
| 10 | လဝ | လှို့ဝှက် |
| 11 | တဖဝ | တပ်ဖွဲ့ဝင် |
| 12 | တော်လံရီး | တော်လှန်ရေး |
| 13 | အယောင်ပြနိုင် | ဝင်ရောက်တိုက်ခိုက်နိုင် |
| 14 | ယန်ကီး | အမေရိကန် |
| 15 | စီလုပ် | တရုတ် |
| 16 | အကိုညို | AAဒုချုပ် ဒေါက်တာညိုထွန်းအောင် |
| 17 | မ ဝ တ | မြဝတီ |
| 18 | သဃညန | သဃ်န်းညီနောင် |
| 19 | အနူဂျီးငနက် | NUG |
| 20 | အနေအထားရွှေကျား | အခြေအနေကောင်းမွန်သည် |
| 21 | သာကူး | အခြေအနေကောင်းမွန်နိုင်ခြေများသည့် ဘက်သို့ခုန်ကူးသည့် စစ်တပ်ထောက်ခံသူများ |
| 22 | အမေ့သားများ | NLDပါတီ (သို့) ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံသူများ |
| 23 | ခွေးသစ် | ခေတ်သစ်မီဒီယာ |
| 24 | လူကအနူ ကိုင်ချင်တာက တူ | ကိုယ့်အခြေအနေကို မသိဘဲ |

| | | |
|---|---|---|
| | | အားမသန်သောအရာကို လုပ်ချင်သူ |
| 25 | ဖိုးချစ် | BGFက ဗိုလ်မှူးကြီးစောချစ်သူ |
| 26 | လောင်တော်မင် | လင်တော်မောင် |
| 27 | မတ်မတ်ဖျံ | ပန်ဆယ်လို |
| 28 | ဝပ်ကျင်းထဲရောက်ပြီ | ဘေးကင်းကြောင်း သတ်မှတ်နေရာသို့ရောက်ရှိ |
| 29 | လနချ | လက်နက်ချ |
| 30 | ရခိုင်သမချေ | ရခိုင်အမျိုးသမီးများ |
| 31 | အနူဂျီး လေပေါ်အစိုးမရ | NUG အစိုးရ |
| 32 | နားခံတော် ရွှေဘများ | တာဝန်ထမ်းစောင်နေသည့် စစ်တပ်၏ လုံခြုံရေးတပ်ဖွဲ့ဝင်များ |
| 33 | မလမ | မော်လမြိုင် |
| 34 | ဖရဲသီးပုပ် ကွဲ့မကြီး | စစ်အာဏာရှင်ဟောင်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေ |
| 35 | တယုတ်ပြည်သူ့ရေမီးရှားနိုင်ငံ | မြန်မာပြည်အထက်ပိုင်း |
| 36 | အမေရိကန်ပြည်သူ့ရေမီးရှားနိုင်ငံ | မြန်မာပြည်အောက်ပိုင်း |
| 37 | ရေခဲ | အခြေအနေတည်ငြိမ်အေးချမ်း |
| 38 | ပတောက်ပတောက် | အနည်းငယ်ဖြစ်ပွား |
| 39 | ပလောချက် | Project |
| 40 | ဖင်ခေါင်းကျယ် | PDF နှင့် တော်ရေးအင်အားစုများ |
| 41 | ပလုံဖိုင် | Profile |
| 42 | နွားရူးကြီး | NUG |
| 43 | အကြမ်းဖက် ရခိုင်းလော်ဘီ ရဟန်းတု | AAကိုအားပေးသည့်ရဟန်း |

| | | |
|---|---|---|
| 44 | လနထုတ် | လက်နက်ထုတ် |
| 45 | လခရဂိတ် | လုံခြုံရေးဂိတ် |
| 46 | ရှကီဘဲ | အရက်သမား |
| 47 | မိန်နီ | အလံနီ |
| 48 | ပူးသတ် | ကိုယ့်လူသူ့ဘက်သား |
| 49 | ရောင်နီပြ | အခြေအနေကောင်းမွန်လာ |
| 50 | ဖားပြုတ် | စစ်တပ်လော်ဘီ ကျော်ကျော်မင်း (Truth Media) |
| 51 | ပြူးလွင် | ပြင်ဦးလွင် မြို့ |

| Unidentified Wording | | |
|---|---|---|
| **No.** | **Encryption** | **Presumed Decryption** |
| 1 | မာလာပုလဲ | N/A |
| 2 | ကမာတက် | N/A |
| 3 | ကမာဖရဲ (ရထားနောက်ပစ်တယောဉ၂) | N/A |
| 4 | သီတာပေါ်နေ | N/A |
| 5 | ခူဝံကြယ်နယ်မြေ | N/A |
| 6 | မာလာဒရယ်ကမာ - | N/A |
| 7 | ပလက်ဖောင်းမင်းသားများ | N/A |
| 8 | လွယ်ကြိုးသမားများ | N/A |

| | | |
|---|---|---|
| 9 | Suukyigate | N/A |
| 10 | မျောက်မီးခဲ | N/A |
| 11 | နီနီခင်ဇော် | N/A |
| 12 | ချိုင်လိုနီ | တရုတ်ကိုလိုနီ |
| 13 | မျောက်မီးခဲ | မြောက်ပိုင်းသုံးဖွဲ့ |